UNFPA



# မြန်မာ

## အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဘေးကင်းလုံခြုံသည့် နေရာများ

ဒီဇင်ဘာ ၂၀၁၅

အခုဆို ကျွန်မအသက်ဟာ(၂၂)နှစ်ရှိပြီး လက်ရှိတွင် မြစ်ကြီးနားရှိ နေရာစွန့်ခွာတိမ်းရှောင်နေသူများထားသည့် ဒုက္ခသည်စခန်းတစ်ခုတွင် နေထိုင်လျက်ရှိပါသည်။ ကျွန်မ အသက်(၁၇)နှစ်အရွယ်မှာ ကျွန်မရဲ့ချစ်သူနဲ့ ကိုယ်ဝန်ရရှိခဲ့ပါတယ်။ ကျွန်မရဲ့ချစ်သူက တာဝန်မယူဘဲ ကျွန်မကိုပစ်ထားခဲ့ပြီး ထွက်သွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်မရဲ့ဘဝမှာ မျှော်လင့်ချက်ကင်းမဲ့ပြီး မိဘတွေကလည်း အပြစ်တင်ကြသလို ကျွန်မရဲ့သူငယ်ချင်းအပေါင်းအသင်းများကလည်း ကျွန်မကို ရှောင်နေကြတဲ့အတွက် ကျွန်မဘဝဟာ အရမ်းကို ခက်ခဲကြမ်းတမ်းလွန်းလှပါတယ်။

ကျွန်မကလေး အသက်တစ်နှစ်အရွယ်ရောက်တဲ့အခါမှာ ကျွန်မကိုချစ်တဲ့သူ၊ ကျွန်မအပေါ် နားလည်မှုလည်းရှိပြီး ကျွန်မကိုကူညီပံ့ပိုးမှုပေးတဲ့သူ တစ်ယောက်နှင့် အိမ်ထောင်ပြု လိုက်ပါတယ်။ အခုဆို ပထမကလေးက အသက်(၄)နှစ်ရှိပြီး နောက်အိမ်ထောင်နဲ့လည်း ကလေးတစ်ယောက် ရခဲ့ပါတယ်။ ကျွန်မဟာ နေ့စဉ်နှင့်အမျှ ကလေးတွေကို ချက်ပြုတ် ကျွေးမွေးပြီး ပြုစုပျိုးထောင်ခဲ့ရပါတယ်။ တစ်ရက်မှာတော့ မမျှော်လင့်ပဲ ကျွန်မရဲ့ချစ်သူဟောင်းက ရောက်လာပြီး သူ့ကလေးကို ပြန်လိုချင်ကြောင်း ပြောပါတယ်။ ကျွန်မကတော့ စိတ်သောကပူဆွေးမှုတွေကို အရမ်းခံစားခဲ့ရပြီး ထိတ်လန့်စရာ အိပ်မက်ဆိုးကြီးတစ်ခုကို ပြန်လည် ခံစားနေရသလို ဖြစ်ခဲ့ရပါတယ်။ သူကတော့ ကျွန်မဆီမကြာမကြာလာပြီး ကျွန်မကိုလည်း ခြိမ်းခြောက်ပါတယ်။ ဒါကြောင့်လည်း စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါတယ်။ ဒီကိစ္စထဲ ကျွန်မရဲ့ယောကျ်ားပါလာမှာကိုလည်း စိုးရိမ်မိပါတယ်။ ဒီပြဿနာကြောင့် မလိုလားအပ်တဲ့ အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာနိုင်ပြီး ကျွန်မကိုထားခဲ့မှာကိုလည်း စိုးရိမ်နေမိပါတယ်။ ဒုက္ခသည်စခန်းမှာ နေရစဉ်အတွင်း ညဘက်မှာ ကောင်းကောင်းအိပ် လို့လည်းမပျော်၊ အလုပ်အကိုင်လည်းမရှိ၊ ကျွန်မနဲ့ပက်သက်ပြီး အရှက်ရနေရကြတဲ့ မိသားစုတွေကလည်း အဆက်အသွယ်မလုပ်ကြတဲ့အပြင် ကျွန်မမှာတော့ ကြောက်ရွံ့ပြီး အင်အားလုံးဝ မရှိတော့သလို ခံစားရပါတယ်။

ကျွန်မဟာ စခန်းမှာနေထိုင်နေစဉ်အတွင်း အမျိုးသမီးများနှင့်မိန်းကလေးများဆိုင်ရာအဖွဲ့က ဝန်ထမ်းများကဦးစီးဆောင်ရွက်တဲ့ ကျားမအခြေပြု အကြမ်းဖက်မှု အကြောင်းအရာနဲ့ ပက်သက်တဲ့ ပညာပေးဆွေးနွေးပွဲတစ်ခုမှာ တက်ရောက်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ ကျွန်မရဲ့ပြဿနာကို ယုံကြည်စိတ်ချစွာ ဆွေးနွေးတင်ပြခွင့်ရခဲ့ပါတယ်။ ကျွန်မအတွက် လိုအပ်တဲ့သတင်းအချက်အလက်နဲ့ အကူအညီတွေလည်း ရခဲ့ပါတယ်။ အမျိုးသမီးများနှင့်မိန်းကလေးများဆိုင်ရာ နေရာ (WGC) ဝန်ထမ်းတွေရဲ့ဆွေးနွေးမှုများနဲ့ ကူညီပံ့ပိုးမှုတွေအတွက် ကျေးဇူးတင်ပါတယ်။ အခုတော့ ကျွန်မတို့နိုင်ငံအတွင်းမှာ အခုလိုအခြေအနေမျိုးမှာ အမျိုးသမီးများနှင့်မိန်းကလေးများအတွက် ကာကွယ်စောင့်ရှောက်ပေးမဲ့ ဥပဒေတွေရှိနေကြောင်း ကျွန်မသိခဲ့ပါတယ်။ မိမိကိုယ်ကို ကာကွယ်နိုင်တဲ့ စွမ်းအားတွေရှိလာပြီး မိမိပြဿနာကိုလည်း ကြိုးစားပြီး ဖြေရှင်းနိုင်မည်ဟု ခံစားမိပါသည်။

မလူနန်။ ။ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများရှိရာ ဒုက္ခသည်စခန်းတွင် နေထိုင်သူ ကချင်အမျိုးသမီးတစ်ဦး။



# မာတိကာ


၁။ အမျိုးသမီးများနှင့်မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့်နေရာများဆိုတာ ဘာလဲ ၃

၂။ လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက်များဆိုတာ ဘာလဲ ၄

၃။ အမျိုးသမီးများနှင့်မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့်နေရာ တစ်ခုကို မည်ကဲ့သို့ ဖွဲ့စည်းထူထောင်ပြီး မည်သို့ ဆောင်ရွက်ကြမည်နည်း ၈

၃-၁ ကနဦးလေ့လာအကဲဖြတ်ခြင်း ၈

၃-၂ လေ့လာအကဲဖြတ်ခြင်းဆိုင်ရာ မေးခွန်းများ ၉

၃-၃ ဝန်ထမ်းခန့်အပ် တာဝန်ပေးခြင်း ၁၂

၃-၄ လုပ်ငန်းများ/ လုပ်ဆောင်မှုများ ၁၄

၃-၅ ဆောင်ရန်နှင့် ရှောင်ရန်အချက်များ။ ။ ၁၇

အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့် နေရာများ တည်ထောင်ရန် အတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များ


"ဆီးရီးယားအရေးအခင်းမှ ရရှိခဲ့သည့် သင်ခန်းစာများကို အခြေခံသည့် လမ်းညွှန်မှတ်စု" မူရင်းစာအုပ်ကို ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။





## ၁။ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့်နေရာများဆိုတာ ဘာလဲ။

ဘေးကင်းလုံခြုံသည့်နေရာ ဆိုသည်မှာ နည်းလမ်းတကျ သတ်မှတ်ထားသော သို့မဟုတ် တရားဝင်မဟုတ်သော၊ နေရာတကျရှိသော နေရာတစ်ခု သို့မဟုတ် ရွေ့လျားသွားလာနိုင်သော နေရာတစ်ခုဖြစ်ပြီး အမျိုးသမီးများနှင့်မိန်းကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုကို ရရှိခံစားနိုင်သော နေရာတစ်ခုပင်ဖြစ်သည်။ "ဘေးကင်းလုံခြုံခြင်း" ဆိုသည်မှာ အဆိုပါနေရာတွင် အမျိုးသမီးများနှင့်မိန်းကလေးများ စိတ်ဒဏ်ရာ ရခြင်းနှင့် စိတ်သောကများခြင်း၊ စိတ်ဖိစီးမှုများပြားလွန်းခြင်း၊ အကြမ်းဖက်ခံရခြင်း သို့မဟုတ် အကြမ်းဖက်ခံရမှုအတွက် စိတ်ပူပန်နေရခြင်း သို့မဟုတ် မတရား ဖိနှိပ်ခံရခြင်းတို့မှ ကင်းရှင်းသည့်နေရာဟု အဓိပ္ပါယ် သက်ရောက်ပါသည်။ အဆိုပါနေရာသည် အမျိုးသမီးများနှင့်မိန်းကလေးများ စိတ်သက်သောင့် သက်သာ ခံစားရနိုင်ပြီး ဒဏ်ခတ်ခြင်း သို့မဟုတ် ထိခိုက်နစ်နာအောင်ပြုခြင်းတို့မှ ကင်းဝေးကြောင်းကို လွတ်လပ်ပျော်ရွှင်စွာ ခံစားထုတ်ဖော်နိုင်သည့် နေရာတစ်ခုပင် ဖြစ်သည်။

ဘေးကင်းလုံခြုံသည့်နေရာ၏ အဓိကရည်မှန်းချက်များမှာ အမျိုးသမီးများနှင့်မိန်းကလေးများအတွက် အောက်ပါတို့ကို ပံ့ပိုးပေးရန် ရည်မှန်းဖွဲ့စည်း ထူထောင်ထားခြင်းဖြစ်သည်။

- လူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့စေခြင်း၊ လူမှုကွန်ယက်ကို ပြန်လည်တည်ဆောက်ပေးခြင်း၊
- လူမှုရေးပံ့ပိုးမှု အကူအညီများရယူနိုင်ခြင်း၊
- ဝန်းကျင်အခြေအနေနှင့် လိုက်ဖက်သည့် ကျွမ်းကျင်မှုများ လေ့လာသင်ယူခွင့်ရရှိနိုင်ခြင်း၊
- အဖွဲ့အစည်းပေါင်းစုံမှ ပံ့ပိုးကူညီသည့် ဘေးအန္တရာယ်ကင်းပြီး သိက္ခာမဲ့စေသည့်ပြစ်တင်ပြောဆိုမှုများနှင့် ဌာနပေါင်းစုံ၏ ကျားမအခြေပြုအကြမ်းဖက်မှု ကင်းရှင်းသည့် ဝန်ဆောင်မှုများကို ရရှိခံစားနိုင်ခြင်း၊ (လူမှုစိတ်ပိုင်းဆိုင်ရာများ၊ ဥပဒေကြောင်းနှင့်အညီခံစားခွင့်များ၊ ဆေးဝါးကုသမှုဆိုင်ရာညွှန်းပို့မှုများ (သို့မဟုတ်) ပံ့ပိုးကူညီမှုများ စသည့် ဝန်ဆောင်မှုများကို လက်လှမ်းမီမီ ရရှိခံစားနိုင်ခွင့်များ၊
- အမျိုးသမီးများ၏ အခွင့်အရေးများ၊ ကျန်းမာရေးနှင့် ဝန်ဆောင်မှုများနှင့်ဆက်စပ်သည့် အချက်အလက်များကို လက်ခံသိရှိခွင့်ရရှိနိုင်ခြင်း။

အဆိုပါ ဘေးကင်းလုံခြုံသည့်နေရာများသည် အမည်အမျိုးမျိုးဖြင့် လုပ်ရှားဆောင်ရွက်လျက်ရှိနေကြသည်။ အမျိုးသမီးများနှင့် မိန်းကလေးများဂေဟာ၊ အမျိုးသမီးထုအဖွဲ့၊ အမျိုးသမီးများရင်းနှီးပျော်ရွှင်ရာနေရာ၊ သို့မဟုတ် အမျိုးသမီးများ သုခချမ်းသာရိပ်မြုံ စသည်ဖြင့် အမည်အမျိုးမျိုးဖြင့် လှုပ်ရှားဆောင်ရွက်နေကြသည်။ အမျိုးသမီးများ ဘေးကင်းလုံခြုံသည့် နေရာများသည် ဒုက္ခသည်များ ခေတ္တနားခိုရာ နေရာများနှင့် မတူညီပါ။ ခေတ္တနားခိုရာ နေရာများသည်များသောအားဖြင့် လတ်တလော အကြမ်းဖက်မှု ခြိမ်းခြောက်မှု ဘေးဒုက္ခမှ ကင်းလွတ်စေရန် ခိုလှုံခွင့်ရရှိစေရန် ခွင့်ပြု ပေးထားသော နေရာဖြစ်သည်။

အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့်နေရာသည် အတည်တကျ အခိုင်အမာရှိသည့် နေရာဖြစ်နိုင်သည်။ ဥပမာ အိမ် သို့မဟုတ် တဲအိမ် သို့မဟုတ် သစ်ပင်အောက်တွင်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ကျန်းမာရေးဆေးခန်းတွင်လည်း ဖြစ်နိုင်သည်။ ဥပမာအားဖြင့် သီးခြားလွတ်လပ်ပြီး လုံခြုံစိတ်ချနေသမျှ ကာလပတ်လုံး အသုံးပြုနိုင်သည့် နေရာတစ်ခုပင်ဖြစ်သည်။ တစ်ပါတ်တစ်ကြိမ်သာ ဖွင့်သည့်နေရာဖြစ်နိုင်ပြီး သို့မဟုတ် ၂၄-နာရီ နှင့် (၇)

ရက်တာပတ်လုံး ဝန်ဆောင်မှုပေးနေသည့် နေရာလည်းဖြစ်နိုင်သည်။ အရေးကြီးဆုံးအချက်မှာ အဆိုပါနေရာများသည် ဝန်ဆောင်မှုပေးရန် လိုအပ်နေသည့် လူထုအဖွဲ့အစည်းမှ အမျိုးသမီးများနှင့်မိန်းကလေးများ ပိုင်ဆိုင်သည့် နေရာပင်ဖြစ်သည်။ အဆိုပါနေရာသည် ဘေးကင်းလုံခြုံမှုရှိပြီး အမျိုးသမီးများနှင့်မိန်းကလေးများ၊ သူတို့နှင့်သက်ဆိုင်သည့် အကြောင်းအချက်များကို ယုံကြည်စိတ်ချစွာ အတူတကွလာရောက် စုစည်းဆွေးနွေးနိုင်သည့် နေရာတစ်ခုလည်းဖြစ်သည်။

အဆိုပါ ဘေးကင်းလုံခြုံသည့်နေရာများ အကောင်အထည်မဖော်မီ သို့မဟုတ် လုပ်ငန်းလည်ပတ်နေစဉ် ကာလအတွင်းနှင့်  လုပ်ငန်းအဆင့်အလိုက် လုပ်ဆောင်နေစဉ်ကာလအတွင်း လူ့အဖွဲ့အစည်းများ၏ ပါဝင်မှု  အမျိုးသားများနှင့် ယောကျာ်း လေးများ၊ အမျိုးသမီးများနှင့် မိန်းကလေးများ၊ လူထုနှင့် ဘာသာရေးခေါင်းဆောင်များ စတင်ပါဝင်ရမည်ဖြစ်သည်။

အဆိုပါ ဘေးကင်းလုံခြုံသည့်နေရာနှင့် လုံခြုံစိတ်ချစွာ ဘေးကင်းလုံခြုံရာနေရာသို့ လမ်းလှမ်းမှီနိုင်ရေးအတွက် လူထုမှ အမျိုးသားနှင့် ယောကျာ်းငယ်လေးများလည်းပဲ ဝိုင်းဝန်းကူညီမှုပေးလာစေရန်  သေချာစွာလုပ်ဆောင်ရပြီး  ကျား‌မ အခြေပြုအကြမ်းဖက်မှု ကာကွယ်တားဆီးရေးအတွက် လူထုမှ ပါဝင်ဆောင်ရွက်လာစေရန်ဖြစ်သည်။

## ၂။  လုပ်ထုံးလုပ်နည်းဆိုင်ရာလမ်းညွှန်ချက်များဆိုတာ ဘာလဲ။

ဘေးကင်းလုံခြုံသည့် နေရာတစ်ခုကို အခြေတကျထူထောင်ဖွဲ့စည်းရန်နှင့် စီမံဆောင်ရွက်ရာတွင် အောက်ပါအခြေခံလုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက်များကို အသုံးပြုရမည်ဖြစ်သည်။

### " ဘေးကင်းလုံခြုံရာနေရာ "

အမျိုးသမီးများနှင့်
မိန်းကလေးများ၏
ဦးဆောင်မှုနှင့် လုပ်ပိုင်ခွင့်
လွှဲအပ်ပေးထားခြင်း



မှီခိုသူ/ အသက်ရှင်သန်
ကျန်ရစ်သူများ ဗဟိုပြု



ဘေးအန္တရာယ်ကင်းရှင်းရေး
နှင့် လက်လှမ်းမှီနိုင်ရေး




လူထုပူးပေါင်း
ပါဝင်ဆောင်ရွက်မှု



ညှိနှိုင်းဆောင်ရွက်ခြင်း နှင့်
အလွှာပေါင်းစုံ ပါဝင်ခြင်း



အံဝင်ဂွင်ကျ ဖြစ်စေခြင်း





## အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဦးဆောင်မှုနှင့် လုပ်ပိုင်ခွင့်လွှဲအပ်ပေးထားခြင်း

ဘေးကင်းလုံခြုံသည့် နေရာတစ်ခုသည် အမျိုးသမီးများနှင့်မိန်းကလေးများက ဦးဆောင်နိုင်ပြီး သူတို့အတွက် လုပ်ပိုင်ခွင့်လွှဲအပ်ပေးသည့် ပတ်ဝန်းကျင်တစ်ခုတွင် ပါဝင်နိုင်စေရန် လက်ကမ်းထားသည့် နေရာတစ်ခုပင်ဖြစ်သည်။ ဘေးကင်းလုံခြုံသည့်နေရာ၏ ပိုင်ဆိုင်မှုများအတွက် သေချာမှုရှိစေရန် အမျိုးသမီးများနှင့်မိန်းကလေးများကို စီမံချက်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။ ဘေးကင်းလုံခြုံသည့် နေရာကို မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရန်နှင့် စီမံဆောင်ရွက်ရန်တို့အတွက် သူတို့နှင့် သူတို့အချင်းချင်း ပုံမှန်အမြင်ချင်းဖလှယ် ဆွေးနွေးဖို့ လိုအပ်သည်။
အမျိုးသမီးများနှင့် မိန်းကလေးများသည် ဘေးကင်းလုံခြုံသည့်နေရာ ဖွင့်လှစ်ထားသောအချိန်အတွင်း သို့မဟုတ် ရွှေ့လျားနေရာမျိုး သို့မဟုတ် အတည်တကျမရှိသေးသောနေရာမျိုးတွင် မည်သည့်အချိန်တွင် တွေ့ဆုံကြမည် ဆိုသည့်အချက်များအပြင် တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းအမျိုးအစားများကိုလည်း ဆုံးဖြတ်ကြရန် လိုအပ်ပေသည်။
နေရာတစ်ခု ဘေးကင်းလုံခြုံမှုရှိစေရန်မှာ သူတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အမျိုးသမီးများသာ ပိုင်ဆိုင်သည့်နေရာဖြစ်ရန်လိုအပ်ပြီး သူတို့ကိုယ်တိုင် စီစဉ်ဆောင်ရွက်နိုင်ရန်နှင့် စီမံလုပ်ဆောင်နိုင်ရန် လိုအပ်ပါသည်။

## အမှုသည်/ အသက်ရှင်ကျန်ရစ်သူ ဗဟိုပြု

ဘေးကင်းလုံခြုံသည့်နေရာကို ဒီဇိုင်းရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများနှင့် ဝန်ဆောင်မှုများ ပေးဆောင်ရာတွင်လည်းကောင်း၊ စုစည်းတိုင်ပင်ဆွေးနွေးသည့်အခါတွင် လည်းကောင်း အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘေးကင်းလုံခြုံမှုနှင့်လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရေးတို့ကို အဓိက ဦးစားပေးသင့်သည်။ ဖြစ်ရပ်မှတ်တမ်းဖိုင်များ၊ ဝန်ဆောင်ပေးမှု မှတ်တမ်းများနှင့် ကာယကံရှင်များနှင့် သက်ဆိုင်သည့် အချက်အလက်ထားရှိခြင်းများကို အခြေတကျရှိသည့် သို့မဟုတ် ရွှေ့လျားနေရာများက လုံခြုံစိတ်ချစွာ ထားရှိကြရမည် ဖြစ်သည်။ "ဘေးကင်းလုံခြုံသည့်နေရာများ" သည် အမျိုးသမီးနှင့်မိန်းကလေးများ အားလုံးအတွက် လက်လှမ်းမီနိုင်သည့် နေရာများတွင် ဖွင့်လှစ်ထားရမည်ဖြစ်ပြီး သူတို့၏ လိုအင်ဆန္ဒများ၊ ရွေးချယ်မှုများ၊ ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာများကို လေးစားရမည်ဖြစ်သည်။
ညွှန်းပို့ပေးနိုင်သည့်လမ်းကြောင်း တစ်စိတ်တစ်ပိုင်းအပါအဝင် ရရှိနိုင်သည့် ဝန်ဆောင်ပေးမှုများနှင့် သက်ဆိုင်သည့်အချက်အလက်များကိုလည်း ပံ့ပိုးပေးရမည်ဖြစ်သည်။ ဝန်ထမ်းများကိုလည်း ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်သင်ကြားပေးထားရန် လိုအပ်သည်။

## ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လက်လှမ်းမီနိုင်ရေး

"ဘေးကင်းလုံခြုံသည့်နေရာများ" ကို အမျိုးသမီးနှင့်မိန်းကလေးများအားလုံး လွယ်ကူအဆင်ပြေစွာ သွားလာနိုင်သည့် နေရာတစ်ခုတွင် စီစဉ်ထားရှိရပါမည်။ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အနှောင့်အယှက်များကင်းဝေးပြီး အေးငြိမ်းသည့် နေရာတစ်ခုဖြစ်စေရန် အသေအချာ စီမံထားရှိရမည်။ အခြေတကျနေရာဖြစ်စေ၊ ရွှေ့လျားနေရာဖြစ်စေ မည်သည့်နေရာတွင် ဖွင့်လှစ်ထားရှိရမည်ကို အမျိုးသမီးများနှင့် မိန်းကလေးများကသာ ဦးဆောင်ပြီး ဆုံးဖြတ်ကြရမည် ဖြစ်သည်။ အကယ်၍ ဤအချက်သည် ဖြစ်နိုင်ချေမရှိပါက အနည်းဆုံးတော့ ဆွေးနွေးတိုင်ပင်ရန် လိုအပ်ပါသည်။
အလွယ်တကူ လက်လှမ်းမီနိုင်ခြင်းဆိုရာတွင် အမျိုးသမီးများ အဆင်ပြေနိုင်သည့် နေ့ရက်နှင့် အချိန်များကိုပါ ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ အထူးသဖြင့် သူတို့၏ ကလေးငယ်များအား ပြုစုစောင့်ရှောက်ရန်အချိန်များ ပေးရမည်ဖြစ်သည်။ လိုအပ်ပါက ကလေးများကို စောင့်ရှောက်ပေးခြင်းဖြင့် အမျိုးသမီးများအား ဘေးကင်းလုံခြုံသည့်နေရာ၏ ဝန်ဆောင်မှုများ သို့မဟုတ် ညွှန်းပို့ဝန်ဆောင်မှုတစ်ခုခုကို ရရှိခံစားနိုင်မည် ဖြစ်သည်။ ဖြစ်နိုင်ပါက ဘေးကင်းလုံခြုံသည့်နေရာ သို့မဟုတ် ညွှန်းပို့မှုလုပ်ငန်းတစ်ခုခုအတွက် ခရီးစရိတ်များ ပံ့ပိုးကူညီပေးရမည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။ ဘေးကင်းလုံခြုံသည့်နေရာတွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်များကို ရေးဆွဲရမည်ဖြစ်ပြီး အဆိုပါ ဘေးကင်းလုံခြုံသည့်နေရာတွင် အမျိုးသမီးနှင့် မိန်းကလေးများနှင့် အလုပ်လုပ်နေသည့် ဝန်ထမ်းတိုင်းသည် အဆိုပါ ကျင့်ဝတ်များနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားထားကြရမည် ဖြစ်သည်။

## လူထုမှ ပါဝင်ဆောင်ရွက်ခြင်း

ဘေးကင်းလုံခြုံသည့် နေရာတစ်ခုသည် ဆက်လက်ရပ်တည်နေနိုင်ရန် အမျိုးသမီးနှင့် မိန်းကလေးများကို ဦးတည်၍ ဆောင်ရွက်မည်ဆိုပါက အတူတကွ ပူးပေါင်းဆောင်ရွက်သူ အများအပြား၏ ပါဝင်ဖြည့်ဆည်းမှုနှင့် ပံ့ပိုးကူညီမှုများ ရေရှည်လိုအပ်နေမည် ဖြစ်သည်။ ခင်ပွန်းသည်များ မိဘများနှင့် လူထုခေါင်းဆောင်များကလည်း အမျိုးသမီးများနှင့် မိန်းကလေးများအား ဘေးကင်းလုံခြုံသည့်နေရာ၏ အစီအစဉ်များကို အလွယ်တကူ သိရှိလက်ခံနိုင်ပြီး၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်လာစေရန် စီမံချိတ်ဆက်ပေးကြရမည် ဖြစ်သည်။ သို့အတွက် ဘေးကင်းလုံခြုံသည့်နေရာတစ်ခုကို ဖွဲ့စည်းထူထောင်ရာတွင် လူထုနှင့် ကျားမလူမှုရေးရာဆိုင်ရာလှုပ်ရှားတက်ကြွမှုများ နားလည်သဘောပေါက်ထားရန် အရေးကြီးပါသည်။ ထို့ပြင် ဘေးကင်းလုံခြုံသည့် နေရာအတွက် အစအဦးပိုင်းကတည်းက ပံ့ပိုးကူညီမှုများကို ဆော်ဩစည်းရုံးထားရှိကြရမည် ဖြစ်သည်။ အဆုံးစွန်ဆုံးတွင် အမျိုးသမီးနှင့်မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့်နေရာသည် သီးခြားခွဲခြားထားရှိရမည့် နေရာတစ်ခုမဟုတ်ဘဲ လူထုဘဝကို ပိုမိုကျယ်ပြန့်လာစေရန် တိုးချဲ့ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အဆိုပါ ဘေးကင်းလုံခြုံသည့်နေရာများ အသေအချာအောင်မြင်မှု ရရှိစေရန်မှာ အမျိုးသားများနှင့်ယောကျ်ားလေးများ၏ အခန်းကဏ္ဍသည် လွန်စွာမှပင် အရေးကြီးပါသည်။ သူတို့ကို ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ဘေးကင်းလုံခြုံသည့် နေရာများ၏ ရည်မှန်းချက်၊ နေရာဒေသနှင့်အကျိုးရလဒ်များကို နားလည်သဘောပေါက်လာပြီး အမျိုးသမီးနှင့်မိန်းကလေး အများအပြားပါဝင်လာစေရေးကို ကူညီဆောင်ရွက်လာနိုင်မည် ဖြစ်သည်။ ကနဦးခြေလှမ်း ရေရှည်တည်တံ့နေနိုင်ရေးအတွက် လူထုမှပါဝင်ဆောင်ရွက်မှုနှင့် အများအပြားပါဝင်လာမှုကို အသေအချာ စီမံဆောင်ရွက်ခြင်းသည် ဘေးကင်းလုံခြုံသည့် နေရာအောင်မြင်မှုအတွက် အဓိကကျ အရေးပါသော အချက်ပင်ဖြစ်သည်။

## ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ကဏ္ဍပေါင်းစုံ ပါဝင်မှု

ဘေးကင်းလုံခြုံသည့်နေရာသည် အမျိုးသမီးနှင့်မိန်းကလေးများ၏ မတူကွဲပြားသည့် လိုအပ်ချက်များနှင့် အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဤ အချက်သည် ကျားမအခြေပြုအကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးနှင့် တုန့်ပြန်ဆောင် ရွက်ရေးအချက်များအပါအဝင် သူမတို့၏ ဘဝစက်ဝန်းအတွင်း သီးခြားအဆင့်များ အတွက် တုန့်ပြန်ဆောင်ရွက်နိုင်သည့် လုပ်ငန်းဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ ဖြစ်နိုင်ချေရှိသည့် လုပ်ဆောင်မှုများအတွက် ကာလအပိုင်းအခြားမှာ သူတို့၏ သီးခြားအခြေအနေများအလိုက် အမျိုးသမီးနှင့်မိန်းကလေးများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် ဆုံးဖြတ်ကြရမည်ဖြစ်သည်။ အချို့သော ဖြစ်ရပ်များတွင် အခြားသော ဘေးကင်းလုံခြုံသည့်နေရာများတွင် ဤကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများကို အခြားနေရာများတွင် ရရှိအသုံးပြုနိုင်နေစဉ်တွင် ဘေးကင်းလုံခြုံသည့်နေရာတွင် သတင်းအချက်အလက်များ အပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်ရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် တရားဝင် ဝန်ဆောင်မှု လုပ်ငန်းများအတွက် အားထားအသုံးပြုခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးကို လက်ခံဆောင်ရွက်ကြရမည်ဖြစ်သည်။

ရိုးရှင်းသည့် အတွင်းနှင့်အပြင် ညွှန်းပို့ခြင်းစနစ်ကို ချမှတ်ထားပြီး ဝန်ထမ်းနှင့်စေတနာ့ဝန်ထမ်းများက ဘေးကင်းစွာနှင့် လို့ဝှက်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရန် ဖြစ်သည်။ ထိရောက်သည့် ညွှန်းပို့ခြင်းလုပ်ငန်း လည်ပတ်နိုင်မှုအတွက် ကျားမအခြေပြုအကြမ်းဖက်မှုအတွက် ကျယ်ပြန့်သည့် ညှိနှိုင်းဆောင်ရွက်နိုင်သည့် ကွန်ယက်နှင့် စံနှုန်းသတ်မှတ်ထားသည့်လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

## အံဝင်ဂွင်ကျဖြစ်စေခြင်း

ဘေးကင်းလုံခြုံသည့်နေရာတစ်ခုသည် အမျိုးသမီးနှင့်မိန်းကလေးများအား နွေးထွေးစွာကြိုဆိုရမည်ဖြစ်ပြီး ဆက်စပ်ဆောင်ရွက်ရန်လည်းဖြစ်သည်။ စနစ်တကျ ဖွဲ့စည်းထားသည့် လုပ်ငန်းများ၊ ဝန်ဆောင်မှုများနှင့် လူမှုအသိုင်းအဝန်းတွင် ဝင်ဆံ့နိုင်သည့် အချိန်ကာလချိန်ညှိထားရှိမှုကို ထိန်းသိမ်းထားရန် အရေးကြီးပါသည်။ လုပ်ငန်းများနှင့် ချဉ်းကပ်မှုနည်းလမ်းများသည် ယဉ်ကျေးမှုနှင့် လျော်ညီစွာရှိနေရန်နှင့် အသက်အရွယ် အလိုက်



ဆီလျော်မှုရှိရန်လည်း လိုအပ်သည်။ အကြောင်းမှာ အသက် ၁၆-နှစ်အရွယ် အမျိုးသမီးများ၏ လိုအပ်ချက်နှင့်စိတ်ဝင်စားမှုများသည် အသက် ၃၅-နှစ်အရွယ် အမျိုးသမီးများ၏ လိုအပ်ချက်များ၊ စိတ်ဝင်စားမှုနှင့် မတူကွဲပြားမှုများ ရှိနေခြင်းကြောင့် ဖြစ်သည်။ ဘေးကင်းလုံခြုံသည့်နေရာများသည် ကိုယ်အင်္ဂါမသန်စွမ်းသည့်အမျိုးသမီး၊ မိန်းကလေးများနှင့် အသက်အရွယ်ကြီးသူများ၏ အထူး လိုအပ်ချက်များကိုလည်း ထည့်သွင်း စဉ်းစားကြရမည် ဖြစ်သည်။



“ ကျွန်မအမည်မှာ အာဆာမီးဖြစ်ပြီး အသက်(၃၃)နှစ်ရှိပြီ ဖြစ်ပါသည်။ ကျွန်မသည် ၂၀၁၁ ခုနှစ် ပဋိပက္ခစတင်ဖြစ်ပွားကတည်းက ဝိုင်းမော်ဒေသရှိ နေရပ်စွန့်ခွာတိမ်းရှောင်နေသူများ ထားရှိသည့် စခန်းတစ်ခုတွင်နေထိုင်လျက်ရှိပါသည်။ ကျွန်မ၏ခင်ပွန်းသည်မှာ လယ်သမားတစ်ဦးဖြစ်ပြီး၊ အခုဆိုကျွန်မတို့လယ်ယာမြေတစ်ခုလုံးဟာ ပဋိပက္ခကြောင့် စစ်မြေပြင်ဖြစ်ခဲ့ရပါတယ်။ ကျွန်မခင်ပွန်းသည်နဲ့ ကလေးသုံးယောက်ရခဲ့ပါတယ်။ ယခင်က ကျွန်မတို့မိသားစုဟာ အစိုးရနဲ့နိုင်ငံတကာအထောက်အပံ့တွေနဲ့ ရှန်းကန်ရှင်သန်နေ ခဲ့ရတဲ့အတွက် နေရာအသစ်မှာ ဘယ်လိုနေရမှာ ဘယ်လိုလုပ်ကိုင် စားသောက်ရမယ်ဆိုတာ မသိခဲ့ပါဘူး။ အခုအခါ ကျွန်မခင်ပွန်းသည်ဟာ ကျောက်စိမ်းမိုင်းတစ်ခုမှာ သာမန် အလုပ်ကြမ်းသမားတစ်ဦးအဖြစ် လုပ်ကိုင်စားသောက်နေပြီး တစ်ခါတစ်ရံမှသာ အိမ်ကို ပြန်လာလေ့ရှိပါတယ်။ သူက ကျွန်မတို့အတွက် ငွေအနည်းအကျဉ်းလောက်ပို့ပေးပါတယ်။ ဒါပေမယ့် မိသားစုကုန်ကျစရိတ် အားလုံးအတွက် မလုံလောက်ပါဘူး။ အထူးသဖြင့် သမီးကြီး ကျောင်းစရိတ်အတွက်ပေါ့။

ကျွန်မကိုယ်တိုင်ကလည်း စခန်းမှာ ကလေးတွေ ကြည့်ရှုစောင့်ရှောက်ပေးရုံနဲ့ ချက်ပြုတ်ကျွေးမွေးပေးရုံအပြင် ဘာမှလုပ်စရာမရှိပါဘူး။ ဒါကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများ နေရာရှိ ဖျော်ဖြေမှုများနှင့် ပညာပေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်ဆုံးလေ့ရှိပါတယ်။ ကျွန်မဟာ ဒီနေရာမှာ ဆပ်ပြာရည်လုပ်ပုံလုပ်နည်းနဲ့ ကျောက်ပန်းထိုးပညာကို လေ့လာသင်ယူနိုင်ခဲ့ပါတယ်။ အခုဆို ကျွန်မဟာ လက်ကိုင်အိတ်များနဲ့ သော့ချိတ်အမျိုးမျိုးကိုလည်း လုပ်တတ်နေပါပြီ။ အဲဒီပစ္စည်းတွေကို စခန်းနဲ့ စခန်းအနီးအနားမှာရှိတဲ့သူတွေကို ရောင်းချပြီး ငွေရှာတတ်နေပါပြီ။ ကျွန်မရတဲ့ငွေဟာ အများကြီးမဟုတ်ပေမဲ့လည်း ကျွန်မမိသားစုအတွက်တော့ အထောက်အပံ့ဖြစ်စေပါတယ်။ ”

## ၃။ အမျိုးသမီးများနှင့်မိန်ကလေးများအတွက် "ဘေးကင်းလုံခြုံသည့်နေရာ" တစ်ခုကို မည်ကဲ့သို့ ဖွဲ့စည်းထူထောင်ပြီး မည်သို့ ဆောင်ရွက်ကြမည်နည်း ?

**ကနဦး လေ့လာအကဲဖြတ်ခြင်း**

- ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချရေး
- နေရာဒေသ
- အချိန်
- လုပ်ငန်းများနှင့် ဝန်ဆောင်မှုများ
- လုပ်ဖော်ကိုင်ဖက်များ

**ဝန်ထမ်းများ ခန့်အပ်တာဝန် ပေးခြင်း**

- အခန်းကဏ္ဍ
- အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး

**လုပ်ငန်းများနှင့် ဝန်ဆောင်မှုများ**

- ကျားမအခြေပြုအကြမ်းဖက်ဖက်မှု မှအသက်ရှင်ကျန်ရစ်သူများအတွက် ပံ့ပိုးကူညီခြင်း။
- လူမှုစိတ်ပညာနှင့် အပန်းဖြေ ဖျော်ဖြေမှုလုပ်ငန်းများ၊
- သတင်းအချက်အလက်များနှင့် အလေးထားမှုများ မြှင့်တင်ခြင်း၊
- ကွင်းဆင်းလုပ်ငန်းနှင့် ကာကွယ်တားဆီးရေး လုပ်ငန်းများ၊

**စောင့်ကြည့်ထိန်းကျောင်းခြင်း နှင့်ဆန်းစစ်အကဲဖြတ်ခြင်း**

- မူလနေရာမှစတင်၍ အစီအစဉ် ရေးဆွဲခြင်း၊
- လုပ်ငန်းဆောင်ရွက်နေဆဲတွင် စောင့်ကြည့်ထိန်း ကျောင်းခြင်း၊
- အမျိုးသမီးများနှင့်မိန်းကလေး များအား ချိတ်ဆက်ပါဝင် ဆောင်ရွက်စေခြင်း၊

**ပြောင်းလဲမှု အဆင့်ဆင့်**

- ကောင်းမွန်စွာကြိုတင်ပြင်ဆင်ခြင်း
- လူထုအားပါဂင်ဆောင်ရွက်စေခြင်း

### ၃-၁ ကနဦးလေ့လာအကဲဖြတ်ခြင်း

- ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါစေ။ ခွဲခြားဆက်ဆံမှုမဖြစ်စေရ။
- အမျိုးသမီးများနှင့် မိန်းကလေးများမှ တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက်လာစေရန် စီစဉ် ဆောင်ရွက်ပါ။ အခြားသောအုပ်စုများဖြစ်သည့် အမျိုးသားများနှင့်ယောကျ်ားလေးများ၊ ဘာသာရေးနှင့် လူထုခေါင်းဆောင်များ စသဖြင့် ပါဝင်ဆောင်ရွက်လာစေရန် ဆောင်ရွက်ပါ။
- အများအပြား ပါဝင်လာမှု သိသာထင်ရှားလာစေရန်နှင့် အကျိုးသက်ရောက်မှုရှိသည့် လုပ်ငန်း အစီအစဉ်များရေးဆွဲခြင်း၊ ထိရောက်သည့် အကျိုးဖြစ်ထွန်းသည့်ဌာနများ ထူထောင်ဖွဲ့စည်းခြင်း တို့အတွက် အခြေခံကျသည့် ကျား/မ၊ အသက်နှင့် အခြားသော စပ်ဆိုင်သည့် အချက်အလက် များကို သီးခြားစွာ စုစည်းထားရှိခြင်း။



## ၃-၂ လေ့လာအကဲဖြတ်ခြင်းဆိုင်ရာမေးခွန်းများ

| ခေါင်းစဉ် | မေးခွန်းများ | မည်သူ့ကိုမေးမလဲ ? |
|---|---|---|
| ဘေးအန္တရာယ်<br>ကင်းရှင်းရေး<br>နှင့်<br>လုံခြုံစိတ်ချရေး | • ပဋိပက္ခကာလမတိုင်မီက အမျိုးသမီးများနှင့်မိန်းကလေးများဆုံတွေ့လေ့ရှိသည့်နေရာများ ရှိခဲ့ဖူးပါသလား။ သူတို့တွေ ဘယ်နေရာမှာ ဆုံတွေ့လေ့ရှိကြသလဲ။ အဲဒီဆုံတွေ့လေ့ရှိတဲ့နေရာက ဘယ်လိုနေရာမျိုးလဲ။ (သို့မဟုတ်) သူတို့အခုလို တွေ့ဆုံဆွေးနွေးတဲ့နေရာကို ဘယ်လိုနေရာမျိုးမှာ ဖြစ်စေချင်တာလဲ။<br>• အမျိုးသမီးများနဲ့ မိန်းကလေးများသည် ဆေးခန်းများ သို့မဟုတ် ကျောင်းများ သို့မဟုတ် ဘာသာရေးအဖွဲ့ဝင်များအဖြစ် တစ်စိတ်တစ်ပိုင်း ဆုံတွေ့ခဲ့ကြ ခြင်းများ ရှိသလား။ (ဥပမာအားဖြင့်)<br>• အဲဒီနေရာဟာ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် စိုးရိမ်ကြောက်လန့်ဖွယ်ရာ တစ်ခုခုရှိနေနိုင်သလား။ သို့မဟုတ် သူတို့အတွက် လုံခြုံစိတ်ချမှုမရှိကြောင်း ခံစားနေရသည့် နေရာတစ်ခုခု ရှိနေနိုင်သလား။<br>• အမျိုးသမီးများနှင့်မိန်းကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာများကို အဓိက ခြိမ်းခြောက်နေ သည့် အရာတွေက ဘာတွေပါလဲ။ ဥပမာ - အသက်အရွယ်အရ၊ ဘာသာရေး၊ မျိုးနွယ်စု၊ လိင်မှုဆိုင်ရာ အလေးထားခြင်း၊ ခန္ဓာကိုယ်အင်္ဂါ မသန်စွမ်းခြင်း စသဖြင့် ဘာလိုတွေခွဲခြားကြသလဲ။<br>• အဆိုပါ ဘေးကင်းလုံခြုံသည့်နေရာသည် စိုးရိမ်ကြောက်လန့်မှုများကို ကာကွယ်တားဆီးရန် သို့မဟုတ် လျော့နည်း သွားစေရန် အထောက်အကူဖြစ်စေပါသလား။ သို့မဟုတ် ပိုမိုတိုးပွားလာနိုင်ပါသလား။ (ဥပမာ- အဆိုပါ အမျိုး သမီးများနှင့်မိန်းကလေးများ ဘေးကင်းလုံခြုံနေရာသို့ လက်လှမ်းမှီသွားရောက်နိုင်ရန် အန္တရာယ်များ ဖြစ်စေနိုင်ပါ သလား။)<br>• ဘေးကင်းလုံခြုံသည့်နေရာအတွက် လက်ရှိ ပံ့ပိုးထောက်ကူမှုစနစ်ကို တိုးချဲ့အားဖြည့်ဖို့ လိုအပ်မယ်လို့ ထင်ပါ သလား။ သို့မဟုတ် လက်ရှိလုပ်ငန်းများနှင့်စနစ်များကို လက်ရှိအတိုင်း ပံ့တူကူးယူလုပ်ဆောင်ဖို့ လိုအပ်မယ် လို့ထင်ပါသလား။<br>• ယခုကဲ့သို့သော လုပ်ငန်းဝင်ရောက်ဆောင်ရွက်မှုပုံစံမျိုးကို မိသားစုများနှင့်လူထုက လက်ခံနိုင်သည့် အဆင့်အခြေ အနေက ဘာတွေလဲ။ ဘယ်လိုမျိုးလဲ။<br>• ဘေးကင်းလုံခြုံသည့်နေရာများ ဖွဲ့စည်းထူထောင်ထားရှိမှုအပေါ် လူထုအမြင်က ဘယ်လိုရှိပါသလဲ။ လူထုက ဘယ်လိုအမြင်မျိုးရှိပါသလဲ။ အကယ်၍ အဆိုပါ ဘေးကင်းလုံခြုံသည့်နေရာများ ဖွံ့ဖြိုးတိုးတက်လာပါက လူထု အတွင်း ပိုင်ဆိုင်လိုသည့်အသိစိတ်များ ပျိုးထောင်ပေးနေသကဲ့သို့ ဖြစ်နေပါသလား။<br>• အမျိုးသမီးများနှင့်မိန်းကလေးများကို ပံ့ပိုးကူညီနေသည့် လူထုအတွင်း သို့မဟုတ် စခန်းတွင် အဓိကကျသည့် တာဝန်ရှိပုဂ္ဂိုလ်တွေက ဘယ်သူတွေလဲ။ အမျိုးသမီး များနှင့်မိန်းကလေးများသည် သူတို့အတွက် အကူအညီနှင့် အကြံဉာဏ်များအတွက် လတ်တလော ဘယ်သူ့ဆီက ယူလေ့ရှိသလဲ။<br>• အကယ်၍ ဘေးကင်းလုံခြုံသည့်နေရာတစ်ခုကို ဖွဲ့စည်းထူထောင်လိုပါက ဘယ်သူတွေကပါဝင် လုပ်ဆောင် ကြမလဲ။ ဘယ်သူတွေကအဓိကကျသလဲ။<br>• ဘေးကင်းလုံခြုံသည့်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ဘယ်လို အမျိုးသမီးများနှင့်မိန်းကလေးမျိုးတွေက ပိုပြီး ဘေး အန္တရာယ်ကျရောက်နိုင်သလဲ။ ပူးပေါင်း ပါဝင်ဆောင်ရွက်ဖို့ ဘယ်လို ထပ်ဆောင်းပံ့ပိုးမှုတွေ လိုအပ်နေပါသလဲ။<br>• အကျိုးခံစားခွင့်ရှိသူများအတွက် တာဝန်ယူမှု တာဝန်ရှိမှုများ အသေအချာခံစားရရှိစေရန် အမျိုးသမီးများကော်မတီ၊ တိုင်ကြားစာသေတ္တာများစသဖြင့် များမှတစ်ဆင့် တိုင်ကြားချက်များ၊ မကျေနပ်ချက်များနှင့် ပြန်လည်တုန့်ပြန်မှု နှင့်လည်ပတ်မှု တည်ဆောက်ရာတွင် သင့်လျော်သည့်အဆင့်အလိုက် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါ သလား။<br>• အရပ်ဒေသတွင် ဘေးကင်းလုံခြုံသည့်နေရာအရေအတွက် ဘယ်နှစ်ခုလောက် လိုအပ်မယ်ထင်သလဲ။ လူထုကကော ဘယ်နှစ်ခုလောက် လိုအပ်မလဲလို့ မေးခွန်းမျိုးမေးဖူးပါသလား။ အမျိုးသမီးနှင့်မိန်းကလေး ဘယ်နှစ်ယောက် က ဘေးကင်းလုံခြုံသည့်နေရာကို လိုလိုလားလား လက်ခံနှစ်သက်ကြသလဲ။ | အမျိုးသမီးများ<br>မိန်းကလေးများ<br>အမျိုးသားများနှင့်<br>ယောက်ျားလေးများ |

| ခေါင်းစဉ် | မေးခွန်းများ | မည်သူ့ကိုမေးမလဲ ? |
| --- | --- | --- |
| ကျားမအခြေပြု<br>အကြမ်းဖက်မှုနှင့်<br>ပတ်သက်၍<br>ဆက်သွယ်<br>ညှိနှိုင်းခြင်း<br>လုပ်ငန်းလည်<br>ပတ်မှုများ၊<br>လုပ်ဖော်ကိုင်<br>ဖက်များ၊<br>အမျိုးသမီးများ။<br>မိန်းကလေးများ၊<br>အမျိုးသားများနှင့်<br>ယောကျ်ားလေးများ၊ | • ဘယ်လို နေရာတွေက အမျိုးသမီးများနှင့်မိန်းကလေးများ သွားလာသင့်တယ်လို့ လက်ခံယူဆထားကြသလဲ။<br>• အဆိုပါနေရာများသို့ အတူတကွသွားလာဖို့ အဖော်တွေရောရှိပါသလား။ ရှိပါကဘယ်သူတွေနဲ့လဲ။<br>• အမျိုးသမီးများနှင့်မိန်းကလေးများအတွက် အခြားသွားလာနိုင်ဖို့ နေရာသီးခြားရှိပါသလား။ (ဥပမာ-ဈေးဝယ်ထွက် ခြင်း၊ မိသားစုအတွက် ဟိုဟိုဒီဒီ တောက်တိုမယ်ရ ပြေးလွှားနေရခြင်း၊ မွေးချင်းမောင်နှမများ သို့မဟုတ် အခြား မိသားစုဝင်များအား ဆေးခန်းသို့လိုက်ပါ ပို့ဆောင်ပေးရခြင်း)<br>• နေရာတစ်ခုခုသို့ တစ်နေ့တာအတွက် မိန်းကလေးများ သွားလာနိုင်တဲ့ ကန့်သတ်ထားတဲ့ အချိန်များရှိပါသလား။<br>• အမျိုးသမီးများနှင့်မိန်းကလေးများ သွားလာနိုင်တဲ့နေရာနဲ့ အချိန်တွေကို မိသားစုအတွင်းမှာ ဘယ်သူတွေက အဆုံး အဖြတ်ပေးလေ့ရှိသလဲ။<br>• မိန်းကလေးတွေ လူထုထဲ၊ အရပ်ထဲမှာ ဘယ်လို လှုပ်ရှားသွားလာတတ်ကြသလဲ။ (ဥပမာ- ခြေလျင်/ သို့မဟုတ် ဘတ်စ်ကား)<br>• မိန်းကလေးများ လှည့်ပတ်သွားလာနေစဉ် အနှောက်အယှက်ပြုခံရခြင်း၊ နောက်ပြောင်ကျီးစယ်ခြင်း သို့မဟုတ် နှုတ်ဖြင့် မတရားပြောဆိုခံရခြင်းများ ကြုံတွေ့ရတတ်ပါသလား။<br>• ဘေးကင်းလုံခြုံသည့်နေရာများတွင် သန့်ရှင်းသောရေ၊ ကလေးများ/ ယောကျ်ား-မိန်းမများသုံးနေကျ ဖြစ်သည့် ရေလောင်းအိမ်သာများ သို့မဟုတ် အိမ်သာများ အလွယ်တကူ ရရှိအသုံးပြုနိုင်ပါသလား။<br>• အဆိုပါ အမျိုးသမီးများနှင့်မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့်နေရာများ အနီးအနားတွင် အလွယ်တကူ လက်လှမ်းမှီနိုင်ပါသလား။ သို့မဟုတ်ပါက အမျိုးသမီးများနှင့်မိန်းကလေးများ အဆိုပါနေရာများသို့ ဘယ်လို သွား ရောက်နိုင်ကြမလဲ။<br>• ကိုယ်အင်္ဂါ မသန်စွမ်းဖြစ်နေသူ အမျိုးသမီးများနှင့်မိန်းကလေးများအတွက် အဆိုပါ နေရာဒေသသည် လက်လှမ်းမှီ နိုင်ပါသလား။ အဲဒီနေရာကို ရောက်ဖို့ ဘယ်လိုလမ်းကြောင်းကို အသုံးပြုဖို့ လိုအပ်ပါသလဲ။<br>• ရာသီဥတုအလိုက်နှင့် ပြက္ခဒိန်နှစ်အလိုက် ဘေးကင်းလုံခြုံသည့်နေရာများကို ဘယ်လိုအပြောင်းအလဲတွေ ဖြစ်ပေါ် တတ်ပါသလဲ။<br>• ရဲစခန်း သို့မဟုတ် စစ်တပ်ဂိတ်တို့နှင့် နီးသလား။ ဒါမှမဟုတ် ဝေးသလား။<br>• အခြားသော ဝန်ဆောင်မှုများပေးနေသည့် ဆေးခန်း ဒါမှမဟုတ် ဆေးရုံတွေနဲ့ရော နီးပါသလား။ အနီးအနားတွင် ကလေးထိန်းကျောင်း/အိမ်တွေရော ရှိပါသလား။<br>• ယောကျ်ားလေးတွေ ဆုံတွေ့တတ်လေ့ရှိတဲ့နေရာများ (ဥပမာ-ဘောလုံးကွင်း သို့မဟုတ် ယောကျ်ားလေးများ အားကစားလေ့ကျင့်သည့် နေရာများ/ကစားကွင်းများ) အနီးအနားတွင်ရှိပါသလား။<br><br>ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လူထုမြေပုံဆွဲခြင်း နှင့်ဆိုင်သော လမ်းညွှန်ချက်များကို WWW.gbvresponders.org | အမျိုးသမီးများ<br>မိန်းကလေးများ<br>အမျိုးသားများနှင့်<br>ယောကျ်ားလေးများ |

| ခေါင်းစဉ် | မေးခွန်းများ | | | | | | | | | မည်သူ့ကိုမေးမလဲ |
|---|---|---|---|---|---|---|---|---|---|---|
| အချိန်<br>နှင့်<br>သဘောတူညီမှု | လုပ်ငန်း | ညသန်းခေါင်မှ<br>နေထွက်သည်<br>အထိ | နေထွက်သည်မှ<br>နံနက်ပိုင်း အထိ | နံနက်ပိုင်းမှ<br>မွန်းတည့်ချိန်<br>အထိ | မွန်းတည့်ချိန်မှ<br>နေ့လည်ပိုင်း<br>အထိ<br>(မွန်းလွဲချိန်) | နေ့လည်ပိုင်း<br>မွန်းလွဲချိန်မှ<br>နေဝင်သည်<br>အထိ | နေဝင်သည်မှ<br>ညဦးပိုင်း အထိ | ညဦးပိုင်းမှ<br>ညသန်းခေါင်<br>အထိ | | အမျိုးသမီးနှင့်<br>မိန်းကလေးများ |
| | ဘေးကင်းလုံခြုံသည့်<br>နေရာကိုသွားလာနိုင်<br>ဖို့ ဘယ်အချိန်ဟာ<br>အသင့်တော်ဆုံးလဲ။ | | | | | | | | | |
| | အဲဒီနေရာမှာ အချိန်<br>ဘယ်လောက်<br>ကြာကြာနေလို့ရ<br>မလဲ။ | | | | | | | | | |
| လုပ်ငန်းများ<br>နှင့်<br>ဝန်ဆောင်မှုများ | • သင့်ရဲ့အချိန်ကို ဘယ်လိုအသုံးချချင်သလဲ။<br>• သင် ဘာတွေကို လေ့လာသင်ယူချင်သလဲ။<br>• သင် စိတ်ဝင်တစားရှိနေသည့် သီးခြားသတင်းအချက်အလက်များ ရှိပါသလား။<br>• သင် ခန္ဓာကိုယ်လှုပ်ရှားမှုပိုင်းဆိုင်ရာ လုပ်ငန်းများကိုရော စိတ်ဝင်စားပါသလား။<br>• သင် လက်မှုအတတ်ပညာကို စိတ်ဝင်စားပါသလား။ ဘယ်လိုဟာမျိုးလဲ။<br>• သင် အိမ်ပြန်ရောက်ရင် ဘယ်လိုအလုပ်မျိုးလုပ်မှာလဲ။<br>• သင့် လူထု/လူမှုအဖွဲ့အစည်းအတွင်း သင် သို့မဟုတ် အမျိုးသမီးများနှင့်မိန်းကလေးများအတွက် ပံ့ပိုးအကူအညီပေးရမဲ့ လုပ်ငန်းအမျိုးအစားတွေက ဘာတွေဖြစ်နိုင်မယ် ထင်သလဲ။ | | | | | | | | | အမျိုးသမီးနှင့်<br>မိန်းကလေးများ |

## ၃-၃ ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်း

ဝန်ထမ်းများ၏ ဖြစ်နိုင်ချေရှိသောပေါင်းစပ်မှုနှင့် သူတို့၏အခန်းကဏ္ဍများကို အောက်တွင် ဖော်ပြထားပါသည်။ ဝန်ထမ်းအားလုံးသည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်များကို နားလည်သဘောပေါက်ကြရန် လိုအပ်ပြီး လက်မှတ်ရေးထိုးရန်လည်း လိုအပ်သည်။ ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်းသည် ဝန်ဆောင်မှုလုပ်ငန်းများသည် တရားဝင်- မဝင်နှင့် နေရာဌာနသည်လည်း အခြေတကျရှိခြင်း မရှိခြင်း သို့မဟုတ် ယာယီ/ ရွှေ့လျားဌာနနှင့် တရားမဝင်သောနေရာဌာနမှ အမျိုးသမီးများနှင့်မိန်းကလေးများအတွက် ပံ့ပိုးကူညီပေးမှု ဖန်တီးပေးနိုင်မှု အပေါ်မူတည်၍ အပြောင်းအလဲရှိနိုင်သည်။ အောက်ဖော်ပြပါ ဝန်ထမ်းများသည် အခြေတကျနှင့် တရားဝင်ဖြစ်သည့် ဘေးကင်းလုံခြုံသည့် နေရာများအတွက် အကောင်းဆုံး လက်တွေ့လုပ်ဆောင်နိုင်သူများ ဖြစ်သည်။

### တရားဝင် ဖြစ်သော ဘေးကင်းလုံခြုံသည့်နေရာများ

### ဌာန - မန်နေဂျာ

- ဝန်ထမ်းများအား အလုံးစုံသော ကြီးကြပ်ကွပ်ကဲမှုနှင့် အထောက်အကူများ ပံ့ပိုးပေးခြင်း၊
- ဘေးကင်းလုံခြုံသည့်နေရာအတွက် ကိုယ်စားပြု တာဝန်ယူခြင်း။
- စီမံချက်လုပ်ငန်း ညှိနှိုင်းဆောင်ရွက်ရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်သူနှင့်/ သို့မဟုတ် လက်ထောက်စီမံချက်လုပ်ငန်း ညှိနှိုင်းဆောင်ရွက်သူ/ / ညှိနှိုင်းရေး မှူးများနှင့် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ခြင်း
- လစဉ် အစီရင်ခံစာများကို စုစည်းထားရှိခြင်း
- ဘေးကင်းလုံခြုံသည့်နေရာတွင် စောင့်ကြည့်ထိန်းကျောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း/ လုပ်ငန်းများကို စောင့်ကြည့် ထိန်းကျောင်းခြင်း
- လိုအပ်သလို အခြားသော ကဏ္ဍ/ဌာနများနှင့် ညှိနှိုင်း ဆက်သွယ် ဆောင်ရွက်ခြင်း

### ဖြစ်ရပ်/ ဖြစ်စဉ် ဆိုင်ရာ မန်နေဂျာ (များ) / လူမှုဆက်ဆံရေးမှူး/ စိတ်ပညာရှင်

- ဖြစ်ရပ်/ဖြစ်စဉ်များအတွက် စီမံခန့်ခွဲမှု လုပ်ငန်းများ ဆောင်ရွက်ခြင်း။
- အသက်ရှင်ကျန်ရစ်သူဘက်က တောင်းဆိုလာပါက အခြားသော ဝန်ဆောင်မှု စောင့်ရှောက်မှု လုပ်ငန်းများအတွက် ညွှန်းပို့ပေးခြင်း (ကျန်းမာရေးဌာန၊ လူမှုစိတ်ပိုင်းဆိုင်ရာ အထူး ပံ့ပိုးကူညီမှု ဥပဒေနှင့် အညီ ဖြစ်စေခြင်း စသဖြင့်
- တစ်ဦးချင်းအလိုက် နှစ်သိမ့်ဆွေးနွေး ပညာပေးလုပ်ငန်းများပံ့ပိုးဆောင် ရွက်ပေးခြင်း (ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့် သင်ကြားပေးထားသည့် ဝန်ထမ်း မှ တစ်ဆင့်)
- အသက်ရှင်ကျန်ရစ်သူက တောင်းဆိုလာပါက ပံ့ပိုးထောက်ကူမှု လုပ်ငန်းများ ပြည်သူ့ရဲ သို့မဟုတ် မိသားစုများအတွက် လိုက်ပါ ဆောင်ရွက်ပေးခြင်း
- ဘေးအန္တရာယ်ကင်းစွာ ထားသည့်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့်
- ကွင်းဆင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

### တုန့်ပြန်ဆောင်ရွက်ရေးဆိုင်ရာအရာရှိ၊ ပြန်လည်ကာယ်ဆယ်ရေး အရာရှိများ လူမှု စိတ်ပိုင်းဆိုင်ရာ ဆက်ဆံရေးမှူး (များ)

- စိတ်ခံစားမှုဆိုင်ရာ ပံ့ပိုးပေးသည့် အုပ်စုများ/ အဖွဲ့များနှင့် လုပ်ငန်းများ/ လုပ်ဆောင်မှုများ (သို့မဟုတ်) အုပ်စုများ/ အဖွဲ့များအား စိတ်ခံစားမှု ဆိုင်ရာ ပံ့ပိုးကူညီခြင်း နှင့် လုပ်ငန်းများ ဆောင်ရွက်ခြင်း။
- သက်တူ ရွယ်တူ ပံ့ပိုးကူညီသည့် အဖွဲ့များ
- ဘဝ တွက်တာ ကျွမ်းကျင်စရာများ
- မှီခိုအားပြုနေသူများကို စပ်ဆိုင်သည့် Care Workers ထံညွှန်းပို့ခြင်းနှင့်
- ကွင်းဆင်း လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ခြင်း

### ကာကွယ်စောင့်ရှောက်ရေးအရာရှိ/ လူထုစည်းရုံးလှုံ့ဆော်သူ

- ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုအတွက် စစ်ဆေးခြင်းများ ဆောင် ရွက်ခြင်း၊ အခြားနီးနွယ်ရာ ဌာနများနှင့် အတူလိုက်ပါဆောင်ရွက်ခြင်း။
- အမျိုးသမီးများ မိန်းကလေးများနှင့်အတူ ဘေးအန္တရာယ်ကင်းသည့် မြေပုံ ရေးဆွဲခြင်းများ ဆောင်ရွက်ခြင်း။
- စေတနာ့ဝန်ထမ်းဆင်း အဖွဲ့အားပံ့ပိုးကူညီခြင်း
- လုပ်ဆောင်မှုများအတွင်း ကျားမအခြေခံပြုအကြမ်းဖက်မှုဆိုင်ရာသတင်း အ ချက်အလက်များကို ထိန်းသိမ်းထားရှိခြင်းနှင့် အလေးထားဂရုပြုနိုင်မည့် အစီအစဉ်များချမှတ် ဆောင်ရွက်ခြင်းနှင့်
- လိုအပ်ပါက လူထုအခြေပြုဘေးအန္တရာယ်ကင်းရှင်းရေး အဖွဲ့များဖွဲ့စည်းခြင်းနှင့် ပံ့ပိုးကူညီခြင်း။

### သက်တူရွယ်တူ အခြေပြု ကွင်းဆင်းလုပ်ငန်းအဖွဲ့ (စေတနာ့ဝန်ထမ်း သို့မဟုတ် ရည်ရွယ်ချက် တစ်ခုခုကို အခြေပြုသည့် အလုပ်သမားများ)

- လူထု အဖွဲ့အစည်းတစ်ခု၏ ပထဝီအနေအထားနှင့် အရွယ်အစားပေါ် မူတည်၍ ကွင်းဆင်းလုပ်ငန်း အဖွဲ့၏ အရွယ်အစား/ ပမာဏကို ဆုံးဖြတ်ပါ။ ကွင်းဆင်းအဖွဲ့တွင် ကျား/မ မရွေးအသက်အရွယ် ပေါင်းစုံပါဝင်ဖို့ လိုအပ်သည်။ (ငယ်ရွယ်သူ ဆယ်ကျော်သက်နှင့် အသက်အရွယ်ကြီးသူ ဆယ်ကျော်သက် မိန်းကလေး များနှင့် သက်ကြီးပိုင်း အမျိုးသမီးများ) ကွင်းဆင်းအဖွဲ့သည် စေတနာ့ဝန်ထမ်း လုပ်ငန်းကို အခြေပြုထားသည့်အတွက် သူတို့၏တာဝန်များကို သူတို့၏ အိမ်မှု လုပ်ငန်းများ သို့မဟုတ် ဝင်ငွေရရှိနေသည့်လုပ်ငန်းများနှင့် ဝိရောဓိ/ သဘော ထားကွဲလွဲမှု မဖြစ်စေရပါ။
- ဌာနသို့ မလာရောက်နိုင်သူများအတွက် နေအိမ်အခြေပြုသတင်းပေးသည့်/ ပညာပေးသည့် အစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်း။
- လူထုအတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများအတွင်း (ဘေးကင်း လုံခြုံသည့် နေရာနှင့် ပတ်သက်၍) အလေးထားဂရုပြုလာစေရန် တိုးမြှင့်ဆောင်ရွက်ခြင်း။
- ဝန်ထမ်းများကို လူထုအတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ဆက်သွယ် ဆောင်ရွက်စေခြင်း။





• လူထုအတွင်းရှိ အမျိုးသားများနှင့်ယောကျ်ားလေးများနှင့် ဆက်သွယ်ဆောင် ရွက်စေခြင်း။
• အခြားသော လူထုအဖွဲ့အစည်းများ/အုပ်စုများနှင့် ဆက်ဆံရေးတည်ဆောက်ပါ။

**တတ်ကြွသည့် စေတနာ၀န်ထမ်း သို့မဟုတ် ကလေးထိန်း**

• အပန်းဖြေရေးနှင့်ဆိုင်သော လှုပ်ရှားမှုများကို လမ်းညွှန်ပေးပါ။
• ကလေးငယ်များအတွက် လှုပ်ရှားမှုများကို စီစဉ်ပေးပါ။

**ဌာန ထိန်းသိမ်းထားရှိခြင်း (စရိတ်/ နည်းလမ်းများ) အထောက်အကူ၀န်ထမ်း**

• ညအချိန်အခါ/ ညအချိန်မတော် အမျိုးသမီးများနှင့်မိန်းကလေးများ လိုအပ် ချက်များနှင့် သူတို့တွင် လုံခြုံမှုရှိကြောင်း စိတ်ထဲခံစားနိုင်စေရန် စသည့် အချက်များအပေါ် မူတည်၍ ဌာနတွင် လုံခြုံရေး တစ်ဦးထားရှိပေးရန်နှင့်
• လက်ဘက်ရည်နှင့် ကော်ဖီကဏ္ဍ သို့မဟုတ် ကြီးမားသော အခမ်းအနားကို ပံ့ပိုး ပေးရန်တွက် သန့်ရှင်းရေး၀န်ထမ်း (၁)ဦး သို့မဟုတ် (၂)ဦး ထားရှိပေးခြင်း၊

**တရား၀င်မဟုတ်သော/အတည်တကျမဟုတ်သည့်/သမရိုးကျမဟုတ်သော အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့် နေရာ။ (ခေတ္တ ယာယီသာဖြစ်ပြီး ရွေ့လျား ကျန်းမာရေးစောင့်ရှောက်မှုများမှ တစ်ဆင့် ပံ့ပိုးကူညီမှုပေးခြင်း) ဖြစ်ပျက်မှုကိုလေ့လာဆောင်ရွက်သူ / ဖြစ်ရပ်လေ့လာဆောင်ရွက်သူ**

• ဖြစ်ရပ်ကို စီမံခန့်ခွဲသည့်လုပ်ငန်းများ
• အသက်ရှင်ကျန်ရစ်သူက တောင်းဆိုလာပါက အခြားသောစောင့်ရှောက်မှု လုပ်ငန်းများ အတွက် ညွှန်းပို့ခြင်း (ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ၊ ဥပဒေစ သည်ဖြင့်)
• တစ်ဦးချင်းအလိုက် နှစ်သိမ့်ဆွေးနွေးသည့်၀န်ဆောင်မှုပေးခြင်း။ (ကျွမ်းကျင်မှု ဆိုင်ရာ လေ့ကျင့်သင်ကြားပေးထားသည့် ၀န်ထမ်းမှတစ်ဆင့်)
• အသက်ရှင်ကျန်ရစ်သူ၏ တောင်းဆိုချက်အရ ၀န်ဆောင်မှုများ ရရှိရေးအတွက် လိုက်ပါ ဆောင်ရွက်ပေးခြင်း၊ ရဲထံသို့လိုက်ပါဆောင်ရွက်ပေးခြင်း၊ မိသားစုများအား လိုက်ပါ ဆောင်ရွက်ပေးခြင်း။
• ဘေးအန္တရာယ်ကင်းစွာ စီစဉ်ထားသည့် လုပ်ငန်းများဆောင်ရွက်ပေးခြင်း။
• အုပ်စုများ/အဖွဲ့များ စိတ်ခံစားမှုဆိုင်ရာ ပံ့ပိုးကူညီသည့် လုပ်ငန်းများ/လုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း။
• သက်တူရွယ်တူ ပံ့ပိုးကူညီသည့် အဖွဲ့များ
• ဘ၀တွက်တာ ကျွမ်းကျင်စရာများ
• Client မှီခိုအားပြုနေသူများကို စပ်ဆိုင်သည့် ဖြစ်ရပ်လေ့လာသူထံ ညွှန်းပို့ခြင်း
• ကွင်းဆင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

**ကွင်းဆင်း၀န်ထမ်းများ**

• ဌာနသို့ မလာရောက်နိုင်သူများအတွက် နေအိမ်အခြေပြု သတင်းပေးသည့် ပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်း/ လုပ်ငန်းများစီစဉ်ဆောင်ရွက်ခြင်း။
• ဘေးကင်းလုံခြုံသည့်နေရာနှင့်ပတ်သက်သည့် လူထုအတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် အလေးထား ဂရုပြုလာစေရန် တိုးမြှင့်ဆောင် ရွက်ခြင်း။
• ၀န်ထမ်းများကို လူထုအတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ဆက်သွယ် ဆောင်ရွက်စေခြင်း။
• ၀န်ထမ်းများကို လူထုအတွင်းရှိ ကျားမလူမှုရေးရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှု၊ စွမ်းဆောင်ရည် မညီမျှမှုနှင့် ပဋိပက္ခဖြေရှင်းခြင်းများ (ဥပမာအားဖြင့်) နှင့်ပတ်သက်၍ ပိုမိုအလေးထား ဂရုပြုလာစေရန် ဆက်သွယ်ဆောင်ရွက် စေခြင်း။
• အမျိုးသမီးများ၊ မိန်းကလေးများနှင့်အတူ ဘေးအန္တရာယ်ကင်းသည့် မြေပုံ ဆွဲခြင်းများ ဆောင်ရွက်ခြင်း။ (ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သူတို့လူထု အဖွဲ့အစည်းအတွင်း ဘေးအန္တရာယ် မကင်းဟု မှတ်ယူထားသည့် နေရာများကို မြေပုံဆွဲခိုင်းပါ။ / မြေပုံပေါ်တွင် မှတ်သားခိုင်းပါ။)
• လုပ်ဆောင်မှုများမှတစ်ဆင့် ကျားမအခြေပြု အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက် အလက်များနှင့် ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း။
• လိုအပ်သလို လူထုအခြေပြု ဘေးအန္တရာယ်ကင်းရှင်းရေးအဖွဲ့များ ဖွဲ့စည်းခြင်း နှင့် ပံ့ပိုးကူညီခြင်း။

## ၃-၄ လုပ်ငန်းများ / လုပ်ဆောင်မှုများ

**လူမှု စိတ်ပိုင်းဆိုင်ရာနှင့် စိတ်အပန်းဖြေနိုင်စရာ လုပ်ငန်းများ** အားလုံး တရားဝင်ဖြစ်သည့် ပံ့ပိုးမှုအဖွဲ့များ သို့မဟုတ် စိတ်အပန်းဖြေခြင်း ဆိုင်ရာလုပ်ငန်းများသည် အမျိုးသမီးများနှင့်မိန်းကလေးများ၏ သီးခြားလိုအပ်ချက် များနှင့်လျော်ညီအောင် စနစ်တကျစီမံဆောင်ရွက်ထားရမည်။ ထိုလုပ်ဆောင်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**အသက်အရွယ်နှင့် ဆီလျော်သည့် အထောက်အကူပြုအဖွဲ့၏ လုပ်ဆောင်မှုများသည်** လက်ဘက်ရည်နှင့် ကော်ဖီချိန်၊ စက်ချုပ်လုပ်ငန်းများ၊ ပန်းအလှဆင်ခြင်း၊ ကျောက် ပန်းထိုးခြင်းနှင့် အလှဆင်ခြင်းစသည့် လုပ်ရှားမှုများ ပါဝင်သည်။ ဆီလျော်ပြီး ဆန္ဒရှိသော "အရေးကြီးအချက်များ" ကို လူမှုအဖွဲ့အစည်းအတွင်းမှ အမျိုးသမီးများနှင့် မိန်းကလေး ဦးတည်အုပ်စုနှင့်ဆွေးနွေးတိုင်ပင်သည့်အချိန်တွင် ဖော်ထုတ်သင့်သည်။ အချို့သောလုပ်ငန်းများသည် ကျွမ်းကျင်သူ လူမှုစိတ်ပညာရှင်ဝန်ထမ်း၏ ဦးဆောင်မှု လိုအပ်ပါသည်။

**အပန်းဖြေနိုင်စရာ လုပ်ငန်းများ**သည် အဖွဲ့အစည်း၏ အရင်းအမြစ်များကို ရယူခြင်းဖြင့် လူထုအတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများကို ဦးဆောင်စေပါ။ စက်ချုပ်ခြင်း၊ မိတ်ကပ်အလှချယ်ခြင်း၊ ဆံပင်ပြုပြင်ခြင်း၊ ကွန်ပြူတာသင်တန်း၊ ဘာသာစကား၊ ဇာထိုးပန်းထိုး၊ ပန်ချီရေးဆွဲခြင်း၊ ပုံဆွဲခြင်း သို့မဟုတ် အကသင်တန်းများကို လူထုထဲရှိ အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ဆက်လက်ဆွေးနွေး တိုင်ပင်ခြင်းဖြင့် စီစဉ်ဆောင်ရွက်ပါ။

**သမာရိုးကျ/ တရားဝင် အသက်မွေးမှုဆိုင်ရာသင်တန်းများ**သည် အဆင်ပြေပါက သင်တန်းအစနှင့် အဆုံး ကာလများတွင် စီစဉ်ပါ။ ဖြစ်နိုင်ပါက သင်တန်းပြီးဆုံးခြင်း အပေါ် သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များကို ချီးမြှင့်ပေးပါ။

**ဘဝတွက်တာ ကျွမ်းကျင်စရာများသင်တန်း** သည် နည်းလမ်းတကျဖြစ်စေ သမရိုးကျ မဟုတ်သည်ဖြစ်စေ နှစ်ခုစလုံးအတွက် ဖြစ်သည်။ သင်တန်းကို စနစ်တကျ စီမံဆောင်ရွက်ထားပြီး အသက်အရွယ်အလိုက် ဆီလျော်နေရမည်။

**အသက်မွေးကျောင်းဆိုင်ရာ လုပ်ငန်းများ၊** အဆိုပါ လုပ်ငန်းများကို သတိကြီးစွာ ထား၍ ဆောင်ရွက်ကြရမည် ဖြစ်သည်။ ဤအချက်သည် အရေးပါပြီး ဝင်ငွေလည်ပတ်မှုဆိုင်ရာ လုပ်ငန်းများသည် ဈေးကွက် ခွဲခြမ်းလေ့လာမှု သေချာစွာ ဆောင်ရွက်မှုအပေါ် အခြေခံသည်။ သို့မဟုတ်ပါက ဝင်ငွေလည်ပတ်မှု မရှိနိုင်ပေ။ အဆိုပါအချက်များသည် အမျိုးသမီးနှင့် မိန်းကလေး များအတွက် လူမှု့ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပင်ဖြစ်သည်။

**ကလေးပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများ၊** ကလေးငယ်ရှိသောအမျိုးသမီးများအတွက် ဌာနသို့ လက်လှမ်းမီမှု တိုးပွားစေ ရန်အတွက် ဖြစ်နိုင်ပါက ကလေးပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုရှိသင့်သည်။ အဆိုပါလုပ်ငန်းများကို ဘေးကင်းလုံခြုံသောနေရာမှ စေတနာ့ဝန်ထမ်းများ သို့မဟုတ် မျော်လင့်ချက် တစ်စုံတစ်ရာဖြင့် လာရောက်လုပ်ကိုင်နေသူများမှ ဆောင်ရွက်ပေး နိုင်ပါသည်။ အနည်းဆုံး ကလေးငယ်များ ကစားနိုင်သည့်အရုပ်များ ထားရှိပေးရန်လို အပ်ပါသည်။

**အသက်အရွယ် ပိုင်းခြားခြင်းနှင့် မျိုးဆက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊** အသက် ၁၇နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် အသက်၄၅နှစ်အရွယ် မိန်းမကြီး တစ်ဦး၏ လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများ မတူညီနိုင်ပါ။ အမျိုးသမီးကြီးများ၊ အမျိုးသမီးငယ်များနှင့် ဆယ်ကျော်သက် မိန်းကလေးများ အတွက် သီးခြားလုပ်ငန်း များကို စနစ်တကျ စီမံကြရမည်ဖြစ်သည်။ သို့သော်လည်း ဘေးကင်းလုံခြုံသည့် နေရာများသည် အသက်အရွယ် မတူညီသည့် အမျိုးသမီးများနှင့် မိန်းကလေးများ အတူတကွ အလုပ်လုပ်နိုင်ရန်အတွက် အခွင့်အလမ်းကောင်း တစ်ခုရရှိသည့် နေရာပင်ဖြစ်သည်။ သက်တူရွယ်တူများအချင်းချင်း ပံ့ပိုးကူညီမှုနှင့်အတူ အသက်အရွယ် အမျိုးမျိုးရှိသည့် စံနမူနာပြုရမည့်သူများကို ညွှန်ပြအကြံပေးသူ အဖြစ်ဆောင်ရွက်နိုင် ပါသည်။

**သတင်းအချက်အလက်နှင့် ပညာပေးဆွေးနွေးပွဲတိုးမြှင့်ဆောင်ရွက်ခြင်း၊** အမျိုးသမီးနှင့်မိန်းကလေးများအတွက် သတင်းအချက်အလက်များနှင့် ပညာ ပေးဆွေးနွေးပွဲတိုးမြှင့်ဆောင်ရွက်ရေးလှုပ်ရှားမှုများပြုလုပ်ရာတွင် အမြဲတမ်းအသုံးဝင်သည်။ ဘေးကင်းလုံခြုံသည့်နေရာသည် အခြားသောကဏ္ဍများ ရေနှင့် တကိုယ်ရေသန့်ရှင်းရေ (သို့) အာဟာရဆိုင်ရာ သတင်းအချက်အလက်များကိုဖြန့်ဝေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ သတင်းအချက်အလက်ဖြန့်ဝေရာတွင် နည်းလမ်း အမျိုးမျိုး အသုံးပြုနိုင်သည်။ ပုံစံတကျပညာပေး ဆွေးနွေးပွဲ တိုးမြှင့်ဆောင်ရွက်သည့် နည်းဗျူဟာသည် အမြဲတမ်း အကောင်းဆုံးသော နည်းဗျူဟာ မဟုတ်ပေ။ ၄င်းလှုပ်ရှားမှုများသည် အမြဲလိုလို အခြားသော သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် နောက်ဆုံးအဆင့် အနေဖြင့် အသုံးပြုနိုင်သည်။

ဆွေးနွေးသည့် ခေါင်းစဉ်များသည် ရရှိနိုင်သောဝန်ဆောင်မှုများနှင့် အဆိုပါဝန်ဆောင်မှုများကို မည်ကဲ့သို့ ရယူနိုင်ခြင်းများ အပါအဝင် ဘေးအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် လျှော့ချနိုင်ရေး မဟာဗျူဟာများ၊ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေး၊ အမျိုးသမီးများအခွင့်အရေး၊ မွေးကင်းစနှင့် ကလေးငယ်များ ကျွေး မွေးပြုစုခြင်း အလေ့အကျင့်များ၊ အပြုသဘောဆောင်သည့် ကိုင်တွယ်ဖြေရှင်း နိုင်သည့် မဟာဗျူဟာများ၊ ဘဂတွက်တာကျွမ်းကျင်စရာများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မြှင့်တင်ခြင်းများအကြောင်း ထည့်သွင်းနိုင်ပါသည်။

**ကာကွယ်တားဆီးခြင်းနှင့် ကွင်းဆင်းလုပ်ငန်းများ၊** ကာကွယ်တားဆီးခြင်းနှင့် ကွင်းဆင်းလုပ်ငန်းများကို ဘေးကင်းလုံခြုံသည့်နေရာ အတွင်းနှင့် အပြင်နေရာ နှစ်ခုစလုံးတွင် စီစဉ်ဆောင်ရွက်နိုင်သည်။ လုပ်ငန်းများကို စီစဉ်ဆောင်ရွက်မည်ဆိုပါက သင်သည် အမျိုးသမီးနှင့်

မိန်းကလေးများနှင့် လူထုတစ်ရပ်လုံးနှင့်အတူ အလုပ်လုပ်နေကြောင်း/ လုပ်ငန်းများ လုပ်ဆောင်နေကြောင်း အလေးထားရန် အရေးကြီးပါသည်။ ဘေးအန္တရာယ်ကင်းသည့် ပတ်ဂန်းကျင်များ အဆင့်မြှင့်တင်ရန် ကျားမအခြေပြုအကြမ်းဖက်မှု ကာကွယ်တားဆီး ရေးနှင့် ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများကို လူထုမှ တာဝန်ယူဆောင်ရွက်လာ စေရန် အားပေးရမည်။

**ပုံမှန်ဘေးကင်းခြင်းဆိုင်ရာစစ်ဆေးခြင်း**ကို အမျိုးသမီးများနှင့်မိန်းကလေးများ၏ လုံခြုံရေးဆိုင်ရာဘေးအန္တရာယ်များကို လေ့လာအကဲဖြတ်ရန် ဆောင်ရွက်ကြရမည်ဖြစ် သည်။ ထို့ပြင် မည်သည့်ဘေးအန္တရာယ်မဆို လျော့ပါးသွားစေရန် အခြားသော ကဏ္ဍများနှင့် အခွင့်လမ်းများကို ဖော်ထုတ်ရန်ဖြစ်သည်။ ကျားမအခြေပြုအကြမ်းဖက်မှု ညှိနှိုင်းဆောင်ရွက်မှု ယန္တရား/လုပ်ငန်းလည်ပတ်နေလင့်ကစား ဘေးကင်းမှုဆိုင်ရာ စစ်ဆေးမှုကို ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်သည်။ ဘေးကင်းမှုဆိုင်ရာ စစ်ဆေး တွေ့ရှိချက်များကို အခြားသောဆက်နွယ်နေသည့် ကဏ္ဍများဖြစ်သည့် နားခိုရန် နေရာ /အဆောက်အအုံ စခန်းညှိနှိုင်းဆက်သွယ်ခြင်းနှင့် စခန်းစီမံခန့်ခွဲမှုနှင့် ရေ၊ သန့်ရှင်း ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးစသည့်ကဏ္ဍများ၊ စခန်းမန်နေဂျာ၊ စခန်းခေါင်းဆောင်တို့နှင့် မျှဝေပေးရမည်ဖြစ်သည်။ သို့မှသာ နေရာဒေသနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မည်သည့်ချဉ်းကပ်မှုနည်းလမ်းများမဆို အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို သေချာမှုရှိစေနိုင်မည်ဖြစ်သည်။ ဘေးကင်းသည့် မြေပုံများရေးဆွဲခြင်းကို စီစဉ်ဆောင်ရွက်ရန် လူထုအတွင်းရှိ အမျိုးသ မီးများနှင့် မိန်းကလေးများပါဝင်ဆောင်ရွက်ရန်အတွက် အခိုင်အမာထောက်ခံသည်။ အောက်ပါလုပ်ငန်းများသည် လူထုအတွင်း ဘေးအန္တရာယ်ကြီးမားသည့် နေရာဒေသ များဖော်ထုတ်ရန်နှင့် ဘေးအန္တရာယ်များလျော့ပါးသွားစေရန် အတူအကွ လုပ်ဆောင် ခြင်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးများကို ပံ့ပိုးကူညီနိုင်မည်ဖြစ်သည်။

**ဘေးကင်းသည့်အုပ်စု/အဖွဲ့များ၊** ရေသယ်ယူသည့်အဖွဲ့များ သို့မဟုတ် ကျောင်းအထောက်အကူပြုအဖွဲ့များသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းသည့် ပတ်ဝန်းကျင်များ ဖန်တီးရာတွင် လူထုအား အကူအညီပေးနိုင်မည်ဖြစ်သည်။ အမျိုးသမီးနှင့် မိန်းကလေးများသည် အဆိုပါ အုပ်စုများကို ဖန်တီးခြင်းနှင့် အသုံးပြုခြင်းတို့တွင် အဓိပ္ပါယ်ရှိစွာပါဂင်ဆောင် ရွက်ကြဖို့ လိုအပ်သည်။

**ကွင်းဆင်းလုပ်ငန်းများ၊** အဆိုပါလုပ်ငန်းများ အမျိုးသမီးများနှင့် မိန်းကလေးများထံရောက်ရှိရန်မှာ မည်သူ၏ လူပ်ရှားမှုများသည် တစ်စုံတစ်ခုနည်းလမ်းများနှင့် အကန့်အသတ်များရှိနေနိုင်ကြောင်း၊ အခွင့်အလမ်းများကို ကမ်းလှမ်းလျက်ရှိသည်။ ကွင်းဆင်းလုပ်ငန်းများထိရောက်မှုကို တိုးမြှင့်ရာတွင် အဆိုပါလူထုအဖွဲ့အစည်းအတွင်း လက်ရှိ အမျိုးသမီးအုပ်စုများနှင့် ပံ့ပိုးကူညီမှုကွန်ယက်များအပေါ် ဖွံ့ဖြိုးတိုးတက်စေခြင်းသည် အရေးပါသည်။

အဆိုပါကနဦးဆောင်ရွက်မှုတွင်

- အမျိုးသားနှင့် ယောကျာ်းလေးများအပါအဝင် လူထုအဖွဲ့ဝင်များအား လုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို အသိပေးပြောကြားရန် အိမ်တိုင်ရာရောက် သွားရောက်ခြင်း (ကွင်းဆင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများတစ်ဆင့်) နှင့် အိမ်အခြေပြု လွှာက်ရည်/ကော်ဖီအစီအစဉ်များ ဆောင်ရွက်ခြင်းများ ပါဝင်သည်။ အထက်ပါအခြေအနေမျိုးတွင် ကွင်းဆင်း အဖွဲ့များအတွက် အနှောင့်အယှက်ကင်းရှင်းမှုနှင့် လျှို့ဝှက်ထားရှိခြင်းနှင့် ညွှန်းပို့စနစ်များတွင် ဖြစ်ရပ် အကြောင်းအရာများကို အထူးအလေးထားဆောင်ရွက်စေရန် မဖြစ်မနေ လိုအပ်သည်။



## ဘေးကင်းလုံခြုံသည့်နေရာ ဌာန/လုပ်ငန်း မန်နေဂျာ ကချင်ပြည်နယ်

ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခသည် လူတစ်ဦးချင်းတိုင်းအတွက် အခက်အခဲဖြစ်စေခဲ့ပါသည်။ အဖြစ်အပျက်သည် အကြမ်းဖက်မှုအသွင်ဆောင်သော ပဋိပက္ခဖြစ်ပြီး လူတိုင်း အကြမ်းဖက်မှုများကို ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ကြရသည်။ သို့ရာတွင်အဆိုပါ ပဋိပက္ခအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများ ကြုံတွေ့ခဲ့ရသည့် အကြမ်းဖက်မှုသည် ကမ္ဘာနှင့်အဝှမ်း ဖြစ်ပျက်နေသည့် ပဋိပက္ခများနှင့် အသွင် သဏ္ဍာန်တူနေသည်။ လွန်စွာ တိကျသေချာပြီး အမျိုးသားများနှင့် ယောကျာ်းလေးများ ကြုံတွေ့ခဲ့ရသည့် အကြမ်းဖက်မှုနှင့် မတူကွဲပြားခြားနားလျက်ရှိသည်။

လွန်ခဲ့သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများက ကျွန်ုပ်သည် ကချင်ပြည်နယ်တွင် အမျိုးသမီးများနှင့် မိန်းကလေးများနှင့် အစည်းအဝေးတွင် တစ်စိတ်တစ်ပိုင်း/ တစ်ကဏ္ဍ ပါဝင်ခဲ့သည်။ သူတို့၏ပြောဆိုချက်အရ သူတို့သည် စခန်းသို့ ရွှေ့ပြောင်းနေထိုင်ပြီးကတည်းက မတရားကျင့်ခံရမည်ကို ကြောက်ရွံ့နေဆဲဖြစ်ကြောင်း သိရှိရသည်။ သူမတို့နေအိမ်များတွင်လည်း အကြမ်းဖက်မှုများ တိုးပွားလျက်ရှိနေပြီး အမျိုးသမီးများနှင့် မိန်းကလေးများသည် သူစိမ်းများ၏ မတရားအမြတ်ထုတ်ခြင်း၊ အလွဲအသုံးပြုခြင်း သို့မဟုတ် နောက်ယုက်ခြိမ်းခြောက်ခြင်း စသည့်ဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ကြရသည်။ အဆိုပါဆွေးနွေးပွဲ/ အစည်းအဝေးများတွင် ဆယ်ကျော်သက် မိန်းကလေးတစ်ဦးက သူတို့သည် လူကုန်ကူးခံရမည်ကို ထိတ်လန့်နေရကြောင်းနှင့် အမျိုးသား/ ယောကျာ်းကြီးများသည် နယ်စပ်ကို ဖြတ်ကျော်၍သူတို့၏ လူထုအဖွဲ့အစည်းထဲဝင်ရောက်လာပြီး လူကုန်ကူးရန် မိန်းကလေးများကို လာ ရောက်ရှာဖွေလေ့ရှိကြောင်း ပြောကြားသွားခဲ့သည်။

ပဋိပက္ခကာလအတွင်း အကြမ်းဖက်မှုနှင့် ကြုံတွေ့ခဲ့ရသည့် အမျိုးသမီးများနှင့် မိန်းကလေး အများအပြားတို့မှာ သူတို့တွင်ဖြစ်ပျက်ခဲ့သမျှကို ကြောက်ရွံ့၍ လူသူရှေ့တွင် ထုတ်ဖော်မပြောဝံ့ကြပေ။ အမျိုးသမီးများနှင့် မိန်းကလေးများ ဘေးကင်းလုံခြုံသည့်ဌာန/ နေရာတွင် ပဋိပက္ခဖြစ်ပွားခဲ့သည့် ကာလကတည်းက သူတို့အား သူတို့၏ ခင်ပွန်းသည်များက ယခင်က ပိုမိုရိုက်နက်နှိပ်စက်လာကြကြောင်း ပြောပြခဲ့ကြသည်။ ကချင်ပြည်နယ်တွင် ပဋိပက္ခကာလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးအများအပြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကြုံတွေ့ ခဲ့ကြရသော်လည်း ယခုအချိန်အထိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု၊ မုဒိမ်းကျင့်ခံရမှုနှင့် လိင်ပိုင်း ဆိုင်ရာစော်ကားခြင်း သို့မဟုတ် သူတို့ခင်ပွန်းသည်များ၏ ရိုက်နက်နှိပ်စက်မှုဒဏ်ကို ကြုံတွေ့နေရဆဲဖြစ်ကြောင်း သိရှိလာခဲ့ရသည်။

တစ်ဦးချင်းတိုင်းအတွက် ပုံပြင်များ/ အဖြစ်အပျက်များ ရှိခဲ့ကြသော်လည်း ကျွန်ုပ်တို့ ဘယ်တော့မှ မကြားရနိုင်သည့် အခြားသောပုံပြင်ပေါင်း/ အဖြစ်အပျက်ပေါင်းများ စွာရှိနေကြောင်း ဌာနတွင် ကျွန်ုပ်ကြားသိခဲ့ရသည်။ ကချင်ပြည်နယ်တွင် အမျိုးသမီးနှင့် မိန်းကလေးများ အထူးသဖြင့် အကြမ်းဖက်မှုများနှင့် ကြုံတွေ့ခဲ့ရသူအများစုမှာ သူတို့ ဘာတွေဖြစ်ခဲ့သည်ကို/ သူတို့ဖြစ်ပျက်ခဲ့ရသမျှကို တစ်ဦးတစ်ယောက်ကို ဖွင့်ပြောပြရန် ကြောက်ရွံ့ထိတ်လန့်နေကြသည်။ သူတို့၏မိသားစုများက မည်ကဲ့သို့ ဆက်ဆံပြုမူ ကြမည်ကို စိုးရိမ်ကြောက်ရွံ့နေကြသည်။ သူတို့ကို မတရားကျင့်ကြံခဲ့သည့်/ မုဒိမ်းကျင့်ခဲ့ကြသည့် ယောကျာ်းများနှင့် အတင်းအကြပ် လက်ထပ်ပေးစားမည်ကိုလည်း ကြောက်ရွံ့နေကြသည်။ သူတို့၏ ခင်ပွန်းသည်များက ယခင်ကထက်ပို၍ ရိုက်နက်နှိပ်စက်မည်ကို စိုးရိမ်းထိတ်လန့်နေကြသည်။ သူတို့ဖြစ်ပျက်ခဲ့သမျှအပေါ် ရဲများက ပြစ်တင်ဝေဖန်မည်ကိုလည်း ကြောက်ရွံ့နေကြသည်။ ဌာနတွင် ကျွန်ုပ်တွေ့ဆုံခဲ့သည့် အမျိုးသမီး သို့မဟုတ် မိန်းကလေးတစ်ဦးချင်းတိုင်းအတွက် ကျွန်ုပ်လုပ်ပေးနိုင်သည်မှာ သူတို့၏ လျှို့ဝှက်ချက်များကို ကာကွယ်ပေးထားရန်နှင့် စိတ်သောကများကို လျော့ပါးသက်သာစေခြင်းဖြင့် ပံ့ပိုးကူညီပေးခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးများသည် ဤနေရာသည် သူတို့အတွက် ဘေးကင်းလုံခြုံကြောင်း သိရှိလာကြရန်နှင့် သူတို့အတွက် ရသင့်ရထိုက်သည့် ကူညီပံ့ပိုးမှုရရှိရန် ဤနေရာသို့ ယခုထက်ပိုမို၍ လာရောက်ကြရန် ကျွန်ုပ်မျှော်လင့်မိပါသည်။

## ၃-၅ ဆောင်ရန်၊ ရှောင်ရန်အချက်များ။ အမျိုးသမီးများနှင့်မိန်းကလေးများဘေးကင်းလုံခြုံသည့်နေရာတစ်ခုအခြေကျဖွဲ့စည်းထူထောင်ရန်အတွက် ကြည့်ရှုစစ်ဆေးရမည့် အချက်အလက်များစာရင်းပုံစံ။

| ဆောင်ရန် ✓ | ရှောင်ရန် ✗ |
| --- | --- |
| စီမံကိန်း လုပ်ငန်းလည်ပတ်မှု၏ အဆင့် တစ်ခုချင်းတိုင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ပါဝင်ဆောင်ရွက် လာစေရန် အသေအချာ စီမံဆောင်ရွက်ခြင်း၊ သို့မှသာ အဆိုပါ ဘေးကင်းလုံခြုံသည့် နေရာထူထောင်သည်မှ လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လာသည် အထိ အမျိုးသမီးများနှင့် မိန်းကလေးများက ဦးဆောင်စေခြင်း။ | အမျိုးသမီးများနှင့်မိန်းကလေးများ ပါဝင်မှုမရှိဘဲ အရန်သင့် ရှိနေသည့် ပုံစံများဖြင့် သွတ်သွင်းသတ်မှတ်ပေးခြင်း၊ |
| ကျားမအခြေပြုအကြမ်းဖက်မှု လုပ်ငန်းအစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်နေသည့် အစိုးရနှင့် အခြားသော အေဂျင်စီ/ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းများအပြင် ကျားမအခြေပြုအကြမ်းဖက်မှု ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းလုပ်ထုံးလုပ်နည်းနှင့်လည်း ညှိနှိုင်းဆောင်ရွက်ခြင်း။ | အမျိုးသမီးများနှင့်မိန်းကလေးများ ဘေးကင်း လုံခြုံသည့်နေရာကို အခြားသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ် ပေါင်းစပ် ဆောင်ရွက်ရန် လျစ်လျူပြုထားခြင်း။ |
| ညွှန်းပို့ပေးခြင်းစနစ်မှတစ်ဆင့် ကဏ္ဍ/ဌာနအတွင်း ဌာန/ ကဏ္ဍအချင်းချင်း ချဉ်းကပ်မှုနည်းလမ်းကို လက်ခံကျင့်သုံးခြင်း | ဘေးကင်းလုံခြုံသည့်နေရာကို သီးခြားခွဲထုတ်ထားခြင်း (သို့အတွက်ကြောင့် တစ်စုံတစ်ခုသောဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှု ပံ့ပိုးပေးနေသည့် နေရာတစ်ခုအဖြစ် မှတ်ယူနိုင်သည်။) |
| အရေးကြီး အဓိကကျသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူထုအဖွဲ့အစည်းများ မိဘများ ခင်ပွန်းသည်များနှင့် လူထုခေါင်းဆောင်များကို ဆက်သွယ်ချိတ်ဆက် ဆောင်ရွက်ခြင်း | ဘေးကင်းလုံခြုံသည့်နေရာ၏ အခွင့်အလမ်းများကို ကန့်သတ်ချုပ်ချယ်ထားခြင်းဖြင့် လူထုနှင့်ဆက်သွယ်ချိတ်ဆက်မှုအတွက် ပံ့ပိုးကူညီမှုမပါသည့် နေရာအဖြစ် မှတ်ယူနိုင်ခြင်း (သို့) လူထုနှင့်ဆက်သွယ်ချိတ်ဆက်မှုမပါသည့် ပံ့ပိုးကူညီပေးနေသည့် နေရာအဖြစ်မှတ်ယူနိုင်ခြင်း |
| ဘေးကင်းလုံခြုံသည့်နေရာသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အလွယ်တကူလက်လှမ်းမှီနိုင်ပြီး အမျိုးသမီးများနှင့် မိန်းကလေးအများအပြားပါဝင်လာစေရန် စီမံဆောင်ရွက်ခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများ အပါအဝင် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကိုလည်း အဓိကသော့ချက်အနေဖြင့် ပါဝင်စေခြင်း | ဘေးကင်းလုံခြုံသည့်နေရာသည် အားလုံးအတွက် ရည်ရွယ်၍ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်းယူဆနိုင်ဖွယ်ရာရှိခြင်း၊ သို့အတွက်ကြောင့် လက်လှမ်းမှီခြင်းနှင့် အများအပြားပါဝင်ခြင်းဟု ယူဆနိုင် |
| ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအားလုံးက နားလည်သဘောပေါက်ရန်နှင့် ဆီလျော်သည့် လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာစောင့်ထိန်းမှုကို အသေအချာ စီမံဆောင်ရွက်ခြင်း | ဘေးကင်း လုံခြုံသည့်နေရာ ရှိဝန်ထမ်းများအား လုပ်ငန်းလမ်းညွှန်ကို နားလည်သဘောပေါက်ရှိမရှိ သို့မဟုတ် ၎င်းအပေါ် ဂရုပြုခြင်းရှိ၊ မရှိ အလေးမထားဘဲ လက်မှတ်ရေးထိုးစေခြင်း |

| ဆောင်ရန် ✓ | ရှောင်ရန် ✗ |
|---|---|
| လုပ်ဆောင်မှုများ၏ သဘောသဘာဝနှင့် အချိန်ကာလတို့သည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ နေ့စဉ်သမရိုးကျ လုပ်ဆောင်နေမှုများနှင့် သဟဇာတဖြစ်စေရန် သေချာစွာ စီမံဆောင်ရွက်ခြင်း | အမျိုးသမီးများနှင့် မိန်းကလေးများနှင့် တိုင်ပင်ညှိနှိုင်းမှုမရှိဘဲ လုပ်ဆောင်မှုများ၏ အမျိုးအစားနှင့် အချိန်ကာလတို့ကို ကြိုတင်၍ သတ်မှတ်ထားရှိခြင်း |
| နေရာဒေသသည် လုံခြုံစိတ်ချရပြီး အလွယ်တကူ လက်လှမ်းမှီနိုင်သည့် နေရာဖြစ်ခြင်း | မည်သည့်နေရာဒေသတွင်မဆို လှုပ်ရှားဆောင်ရွက်နိုင်သည်ဟု မှတ်ယူခြင်း |
| လုပ်ဆောင်မှုတိုင်းသည် မိန်းမများ/ အမျိုးသမီးများ၏ ဦးဆောင်မှုသာဖြစ်ရမည် | အမျိုးသမီးများအား အကျိုးခံစားနေသူများ/ အခွင့်အရေးရယူနေသူများ အဖြစ်ဆက်ဆံခြင်း |
| ဝန်ထမ်းများအားလုံးသည် ပံ့ပိုးကူညီနေခြင်းနှင့် ကြီးကြပ်ကွပ်ကဲနေခြင်းများကို အသေအချာ ဆောင်ရွက်ခြင်း စဉ်ဆက်မပြတ်အရည်အသွေးမြှင့်တင်ပေးခြင်းဖြင့် အကျိုးဖြစ်ထွန်းစေခြင်း | သူတို့အလုပ်ကို သူတို့ဘာသာလုပ်ဆောင်ရမည်ဟု မှတ်ယူခြင်း |
| အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမှတစ်ဆင့်/ ဖြင့် လုပ်ဆောင်မှုများကို ထိန်းကျောင်းလေ့လာရန် လည်ပတ်မှုလုပ်ငန်းစဉ်များကို အသေအချာစီ မံဆောင်ရွက်ခြင်း (ဥပမာ- မှီခိုအားကိုးသူထံမှ တုန့်ပြန်မှုပေးခြင်း၊ ဂန်ထမ်းများ၏ ကြီးကြပ်ကွပ်ကဲခြင်း) | တုန့်ပြန်မှုတစ်စုံတစ်ရာအတွက်တိုင်ကြားစာ သေတ္တာတစ်ခုတည်းအပေါ် မှီခိုအားထားခြင်း |
| အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုအတွက် ကြိုတင်၍ စီစဉ်ထားရှိခြင်း လုံလောက်သည့် အချိန်အတိုင်းအတာကို ခွင့်ပြုပေးခြင်း | ရန်ပုံငွေပြတ်တောက်မှုရှိလာပါက လုပ်ဆောင်မှု/ လုပ်ငန်းအားလုံးကို ရပ်တန့်လိုက်ခြင်း |



ကုလသမဂ္ဂ လူဦးရေရံပုံငွေအဖွဲ့သည် အမျိုးသမီး၊ အမျိုးသားနှင့် ကလေးသူငယ်တိုင်း
ကျန်းမာဖွံ့ဖြိုးသော ဘဝကို ညီတူညီမျှ ရရှိခံစားနိုင်စေရန် အလေးထား ဆောင်ရွက်လျက် ရှိပါသည်။

**Website: http://myanmar.unfpa.org**

UNFPA